



SAMPLE BOOK

# ထက်မြက်ကိုကို

ထုံးနှောင်ဖွဲ့သီ
နှင်းရည်ဆွတ်ပန်း

mgyoe.com

mgyoe.com SAMPLE BOOK



ချစ်ရတာလဲ ဝဋ်၊
အချစ်ခံရတာလဲ ဝဋ်ပဲမဟုတ်လား၊
အဲဒီဝဋ်ကို လူတွေက မက်မက်မောမောနဲ့
သိပ်ကိုကြိုက်တတ်ကြတယ် မဟုတ်လား။
ဝဋ်ကိုလိုချင်လွန်းလို့ လှည့်ပတ်ရှာပြီးမှ
အဲဒီဝဋ်က တစ်ဖန်ပြန်ဒုက္ခလဲပေးရော
ဝဋ်ဆိုတဲ့ စကားလုံးကို မုန်းသွားတတ်ကြပြန်တယ်။
တကယ်တော့
အချစ်တို့၊ မေတ္တာတို့၊ သံယောဇဉ်တို့ဆိုတာ
နာမည်အလွန်လှပတဲ့
ဝဋ်ကြွေးတစ်မျိုးပမာပဲ။

ထုံးနှောင်ဖွဲ့သိ
နှင်းရည်ဆွတ်ပန်း

9 782004 001269

mgyoe.com SAMPLE BOOK

အမြွာညီနောင်စာပေ

Since 2004

တိုက် (၂၇၇)၊ အခန်း (၄)၊ ပထမထပ်(ယာ)၊
လမ်း (၄၀) အပေါ်ဘလောက်၊ (၉) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၀၄၉ ၅၅၆၉

https://www.facebook.com/ahnnpublishing

mgyoe.com

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စီစဉ်သူ | ♦ | ကိုဂျပန် |
| စာတည်း | ♦ | တက္ကသိုလ်တင်ဟန်ကျော် |
| အမြဲသာညီနောင် လိုဂိုဒီဇိုင်း | ♦ | အော်ပီကျယ် |
| မျက်နှာဖုံးပန်းချီ | ♦ | အောင်ကျော် |
| အတွင်းအပြင်အဆင် | ♦ | မမာမာ |
| ကွန်ပျူတာစာစီ | ♦ | မမာမာ |
| ထုတ်ဝေသည့်အကြိမ် | ♦ | ပထမအကြိမ်၊ အမြဲသာညီနောင်စာပေ၊ ၂၀၂၅၊ စက်တင်ဘာလ |
| ထုတ်ဝေသူ | ♦ | ဒေါ်စန်းစန်းဝေ (၀၀၆၁၂)၊ အမြဲသာညီနောင်စာပေ တိုက် (၂၇၇)၊ အခန်း (၄)၊ ပထမထပ် (ယာ)၊ လမ်း (၄၀)၊ အပေါ်ဘလောက်၊ (၉) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ♦ | ဦးဇော်မြင့်ဝင်း (မြဲ-၀၀၁၄၂) ကာလာဇုန်ပုံနှိပ်တိုက် အမှတ်-၁၈၄-ဘီ၊ ၃၁-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| **CTP** | ♦ | **Eagle** |
| စာအုပ်ချုပ် | ♦ | ပြည့်စုံဝင်း |
| အုပ်ရေ | ♦ | ၅၀၀ |
| တန်ဖိုး | ♦ | ၁၂၀၀၀ ကျပ် |
| ဖြန့်ချိရေး | ♦ | အမြဲသာညီနောင်စာပေတိုက် |

၈၉၅.၈၄
ထ ထက်မြက်ကိုကို
ထုံးနှောင်ဖွဲ့သီ နှင်းရည်ဆွတ်ပန်း / ထက်မြက်ကိုကို၊ ရန်ကုန်။
အမြဲသာညီနောင်စာပေ၊ ၂၀၂၅။
၁၉၈-စာ၊ ၁၃.၂ စင်တီ × ၂၀.၈ စင်တီ
၁။ ထုံးနှောင်ဖွဲ့သီ နှင်းရည်ဆွတ်ပန်း
(၁) ထက်မြက်ကိုကို


mgyoe.com

mgyoe.com SAMPLE BOOK

# တစ်ခုလပ်နေတဲ့ အချစ် သို့မဟုတ် ထုံးနှောင်ဖွဲ့သီ

ကျွန်တော် စာရေးဖို့ ဝါသနာပါတော့ ဝတ္ထုတွေ ရေးချင်တာပါ။ ဖတ်ဖြစ်တာကလဲ ဝတ္ထုတွေပါ။ အထူးသဖြင့် ဝတ္ထုရှည်ကြီးတွေကို စွဲစွဲမြဲမြဲ ဖတ်ဖြစ်တာပါ။ လက်တည့်စမ်း ရေးဖြစ်တာကလဲ ဝတ္ထုတိုတွေချည်းပါ။ ဒါပေမဲ့ ဖြစ်ချင်တော့ ပုံနှိပ်စာလုံးနဲ့ ပထမဆုံး ဖော်ပြခံရတာက ဝတ္ထု မဟုတ်ဘဲ ဆောင်းပါး ဖြစ်နေပါတယ်။ ဆက်တိုက်လိုလို ပုံနှိပ်ဖော်ပြခံရတာ တွေကလဲ ဆောင်းပါးတွေချည်းပါပဲ။ နောက်ပိုင်းမှ ဝတ္ထုတိုလေးတွေ ထုံ့ပိုင်း ထုံ့ပိုင်း ရေးဖြစ်တာပါ။ အခုထိ စာရေးသက် နှစ် ၄၀ ကျော် အတွင်းမှာ ရေးဖြစ်တဲ့ ဝတ္ထုက ၁၀၀ တောင် မပြည့်ပါဘူး။ ဒီအထဲ ရှားရှားပါးပါး ဝတ္ထုရှည်က အခုထိ တစ်ပုဒ်ပဲ ရေးဖြစ်ပါတယ်။

ဒါကြောင့် ဆူးငှက်က ဝတ္ထုကို ကိုယ်စားပြုတဲ့ ကလောင် မဟုတ် ခဲ့ပါဘူး။ ဒီလို အခြေအနေမှာ ဝတ္ထုရှည်တွေအပေါ် အမြင်တွေ၊ ဝတ္ထုရှည်



mgyoe.com

mgyoe.com SAMPLE BOOK

တွေမှာ အမှာစာတွေ ရေးရပြီဆိုရင် အတော်ခွကျလှပါတယ်။ အခုလဲ ဆရာထက်မြက်ကိုကိုရဲ့ ဝတ္ထုရှည်တစ်ပုဒ်ကို အမှာစာရေးပေးဖို့ စာရေးသူကိုယ်တိုင် စိတ်ရှည်လက်ရှည် စောင့်စား တောင်းဆိုတော့ မနည်း ကြိုးစားလိုက်ရတယ်လို့ စကားဦး ဆိုပါရစေ။

တကယ်တော့ ကျွန်တော်က ဝတ္ထုဆိုရင် ဘဝသရုပ်ဖော် ရသဝတ္ထုတွေကို နှစ်သက် စွဲလမ်းခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အမြင်ပြောရရင် အခုနှစ်ပိုင်းတွေမှာ ဘဝသရုပ်ဖော် ဝတ္ထုသာမက အခြားဝတ္ထုတွေကိုလဲ အတော်အတွေ့ရ နည်းသွားပါပြီ။ ခြုံပြီး ပြောရရင်ဝတ္ထုတိုတွေလဲ အတွေ့ရနည်းသလို အစစ်အမှန် တကယ်ရေးကြတဲ့ ဝတ္ထုရှည်လုံးချင်းတွေရော နည်းသွားကြပါပြီ။ ရှားရှားပါးပါးထွက်လာတဲ့ ဝတ္ထုတွေကလဲ ကျွန်တော်တို့ စွဲလမ်းနှစ်သက်ခဲ့ကြတဲ့ ရသအဖွဲ့အနွဲ့ဆိုတာလဲ မရှိသလောက် ရှားပါးသွားပါပြီ။ တိုတိုနဲ့ လိုရင်းပဲ ဟောဟောဒိုင်းဒိုင်းရေးကြတော့တာပါ။

ဘဝသရုပ်ဖော်ဝတ္ထုလိုင်း ဆိုတာလဲ အတိတ်မှာ ကျန်ရစ်ခဲ့ပါပြီ။ ၁၉၇၀ ကျော်ကာလမှသည် ၁၉၈၀ ကျော်ကာလမှာ ငွါးစွင့် လန်းပွင့်ပြီး ၁၉၉၀ ဝန်းကျင်မှာ အုတ်အော်သောင်းတင်း ဖြစ်ခဲ့တာက 'ခေတ်ပေါ်ဘဝသရုပ်ဖော်ဝတ္ထုလိုင်း' လို့ပဲ ပြောပါရစေ။ သေချာတာတစ်ခုကတော့ အဲဒီဘဝသရုပ်ဖော်ဝတ္ထုတွေ ဖွံ့ဖြိုးအားကောင်းရာ ကာလဟာ 'အကြောင်းအရာအဓိက' ဦးစားပေး ကာလကြီးမှာပဲ တောက်လျှောက် ဖြတ်သန်းခဲ့ကြရတာပါ။ အဲဒီကာလ နိုင်ငံရေးစံ၊ ဝေဖန်ရေးစံက လူတန်းစားဘက်လိုက်မှု အကြောင်းအရာ အစိတ်အပိုင်းတွေပါပဲ။ ဒီတော့ ဝတ္ထုရေးဖို့ကြိုးစားကြသူတိုင်း၊ ရေးဖြစ်ကြတဲ့ ဝတ္ထုတိုင်း 'အကြောင်းအရာ' ပိုင်းကိုအဓိက ဖောင်းပေးခဲ့ကြတာပါ။ အနုပညာကိစ္စ၊ အတတ်ပညာကိစ္စ၊ ပုံသဏ္ဌာန်ကိစ္စက ဒုတိယနေရာမှာပဲ ရှိခဲ့ကြတာပါ။

❑

mgyoe.com

ဒီအရှိန်ဟာ အဟုန်ကြီးမားစွာနဲ့ ၁၉၉၀ မတိုင်မီ အချိုးအကွေ့မှာ ကျတော့ တစ်ဆက်တစ်စပ်တည်းနဲ့ မျက်မှောက် ဘ၀ဝေဒနာ သရုပ်ဖော် ဝတ္ထုတွေ အားကောင်းခဲ့တာပဲ မဟုတ်ပါလား။ ဒါပေမဲ့ ဒီနေရာမှာတော့ ပြီးခဲ့တဲ့ ကာလကလို အနုပညာဘက်၊ အတတ်ပညာဘက် ဥပေက္ခာပြုလို့ မရတော့ဘူး။အတတ်ပညာ ပါလာရပါပြီ။ အနုပညာ ပါလာရပါပြီ။

တစ်ခါ ဒီဘက်နှစ်ပိုင်းတွေ ရောက်လာပြန်တော့ နိုင်ငံတကာ ကူးလူးမှုက ပိုပြီး ကျယ်ဝန်းလာပြီ။ မြင်ကွင်းကျယ်လာပြီ။ နည်းစနစ်တွေက အမြင်တွေ အများကြီး ပြောင်းလာပြန်ပြီ။ ယဉ်ကျေးတဲ့ လူသားမျိုးနွယ် စိတ်ဓာတ်ကို ကိုယ်စားပြုတဲ့ ကမ္ဘာလုံးဆိုင်ရာ အနုပညာပစ္စည်းတွေ ဖန်တီးမှုဆီ ဦးတည်လာကြပါပြီ။ စိတ်နှလုံးကောင်းခြင်းနဲ့ စဉ်းလဲခြင်း၊ ယဉ်ကျေးခြင်းနဲ့ ရိုင်းစိုင်းခြင်း၊ ကိုယ်ချင်းစာစိတ်နဲ့ အတ္တအကျိုးစီးပွား၊ သာတူညီမျှ အခွင့်အရေးနဲ့ အကြမ်းဖက်မှု၊ ပဋိပက္ခတွေရဲ့ ပုံစံက ပြောင်းသွားပါပြီ။

တစ်ခါ ဒီကနေ့ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ ပရိသတ်ပြဿနာ ကို စောင့်ငဲ့ကြည့်ကြအုံးစို့။ ဒီကနေ့ ကာလ ဒေသ ပယောဂ၊ ဒီကနေ့ စာအုပ်ဈေး၊ ဒီနေ့အချိန်ပေးနိုင်မှု အတိုင်းအတာအရ ဒီနေ့စာဖတ်ပရိသတ်ဟာ ပညာတတ် ကြေးရတတ် အလွှာက အများစုပါ။ သူတို့ စိတ်အဆာပြေ စေမဲ့ စာအုပ်တွေပဲ ဈေးကွက်က တောင်းဆိုနေတာ မဟုတ်ပါလား။ သူတို့ရဲ့ ကျယ်ပြန့်တဲ့ အတွေ့အကြုံ၊ အမြင်တွေနဲ့ ဟပ်နိုင်မဲ့ စာတွေပဲ တောင်းဆိုတာ မဟုတ်ပါလား။ ဒီတော့ အတတ်ပညာစာအုပ်တွေ၊ နည်းပညာစာအုပ်တွေ၊ ဘာသာစကား၊ ဘာသာရပ်ဆိုင်ရာ စာအုပ်တွေ၊ နောက်ဆုံးပေါ် လိင်မှု လူမှုဆက်ဆံရေးတွေပဲ မဟုတ်ပါလား။ မဖွဲ့မနွဲ့နဲ့၊ ပျင်းစရာကြီး၊ မခံစားတတ်ဘူး၊ တည့်တည့်ပြော၊ စကားလုံးတွေ မဖွယ်ရာနဲ့၊ မြန်မာဝေါဟာရတွေ မသိဘူး၊ နားမလည်ဘူး။

ဒီနေ့အနေအထား ဒီလိုအခြေအနေ၊ ဒီလိုလူမှုဘ၀အပြောင်းအလဲ တွေမှာ စာပေပုံသဏ္ဌာန်ပြောင်းရတာ မဆန်းပါဘူး။ ဒါပေမဲ့ လူ့နှလုံးသားကို ယဉ်ကျေးသိမ်မွေ့စေမဲ့ 'ရသစာပေ' ပျောက်လုလု ဖြစ်နေတာကတော့ ဝမ်းနည်းစရာပါ။

❑



mgyoe.com
mgyoe.com

mgyoe.com

ဒီလို အနေအထားမှာ ဆရာထက်မြက်ကိုကိုရဲ့ 'ထုံးနှောင်ဖွဲ့သီ နှင်းရည်ဆွတ်ပန်း' ကို ဖတ်လိုက်ရတဲ့အခါ အတော်ကို အာလျှပြေပါတယ်။ ကျွန်တော်တို့ စွဲမက်ခဲ့ရတဲ့ ရသအဖွဲ့အနွဲ့ကို တွေ့ရှိ ခံစားလိုက်ရလို့ပါပဲ။ လူငယ်တစ်ယောက်ရေးဖွဲ့တာ ဖြစ်ပေမဲ့ မြန်မာစာဝမ်းစာပြည့်တယ်။ စကားလုံးအသုံးအနှုန်း၊ အဖွဲ့အနွဲ့ အတင်အပြ ကောင်းတယ်။ ဝါကျတိုင်း မလျော့ရဲဘူး အားကောင်းတယ်။ ဒီလိုပြောလို့ အရေးအသားပဲလားဗျလို့ စာဒက မတက်လိုက်စေလိုပါ။ ဝတ္ထုနောက်ခံဒေသ၊ ဝတ္ထုအကြောင်းအရာ၊ ဝတ္ထုဇာတ်ကောင်တွေကရော ဘယ်လိုလဲလို့ မမေးလိုက်ကြပါနဲ့။ ဝတ္ထု နောက်ခံဒေသ၊ ဝတ္ထုအကြောင်းအရာက ကျစ်တယ်၊ သစ်တယ်၊ အချစ်ဝတ္ထု ပေမဲ့ ဝတ္ထုဇာတ်ကောင်တွေက အပျို၊ လူပျိုလေးတွေ မဟုတ်ဘူးဗျ။ ဒါပေမဲ့ ထိတယ် မိတယ်၊ တလှိုက်လှိုက် ခံစားရတယ်ဗျာ။

ကဲဗျာ... ဖတ်ဖြစ်အောင် ဖတ်လိုက်ပါ မိတ်ဆွေ၊ လွမ်းရမဲ့ ဝေဒနာနဲ့အတူ အတိတ်ရသ အလွမ်းပြေစေမှာလဲ အသေအချာ။

ဆူးငှက်

၂၀၂၅၊ ဇွန်လ ၂၃ ရက်။

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အမှာ

ရင်ထဲမှာ ကိန်းအောင်းနေတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြချင်နေခဲ့တာ အချိန်တော်တော် ကြာခဲ့ပါပကော။ အခုတော့ 'ထုံးနှောင်ဖွဲ့သီ နှင်းရည်ဆွတ်ပန်း' နာမတစ်ခုနဲ့ ရုပ်လုံးပေါ်လာခဲ့လေပြီ။

စာတွေကို ရေးသာရေးနေတာ ဘယ်နေရာ၊ ဘယ်မဂ္ဂဇင်းမှာမှ ပို့ပြီး မသုံးဖြစ်ခဲ့ပါဘူး။ ငယ်စဉ် မမှတ်မိတဲ့ အချိန်က အဖြစ်ပျက်တွေကို အမေက ပြောပြပါတယ်။ 'နင် ငယ်ငယ်က သေမလိုဖြစ်တာ၊ ဖွားမငယ် ကယ်လို့ပေါ့၊ မဟုတ်ရင် နင် သေပြီ'၊ 'နင့်ကြောင့် နင့်ဦးလေး အငယ်ကောင်ကို ငါ ခေါင်းခေါက်ခဲ့ဖူးတယ်' လို့ မွေးကင်းစ အရွယ်က အကြောင်းတွေကို အမေက ဖွဲ့သီပြောပြတော့ ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးပြီး လိုင်းပေါ်မှာ 'ငယ်အကြောင်း နှောင်းမှ လွမ်း' ဆိုတဲ့ ခေါင်းစီးနဲ့ တစ်နေ့ တစ်မျိုး မရိုးရအောင် ရေးဖြစ်တယ်။ အပိုင်း(၅) ရေးတင်လုဆဲဆဲမှာ အမြွာညီနောင်စာပေက ကျင်းပတဲ့ ဆရာကြီး တက္ကသိုလ်နန္ဒမိတ်ရဲ့ နှစ် (၁၀၀) ပြည့်ဝတ္ထုတိုပြိုင်ပွဲ စာမူခေါ်တာနဲ့ ရေးလက်စအပိုင်း(၅)အကြောင်း

mgyoe.com

ကို 'တိုက်ပုံ' ဝတ္ထုတိုလေး ဖန်တီးပြီး ပြိုင်ခဲ့တယ်။ ပြိုင်တော့ မမျှော်လင့်တဲ့ ဆု ရရှိလို့ ပျော်မိတယ်။ စာတွေ ဆက်ရေးဖို့ အမြွာညီနောင်က ခွန်အားတွေ တွန်းထည့်ပေးလိုက်တယ်လို့ ဆိုရပါမယ်။ ဝတ္ထုတိုတွေ ဆက်တိုက်ရေး ဖြစ်လာတယ်။ အမြွာညီနောင် စာမူပြိုင်ပွဲ မလုပ်ဖြစ်လို့ မပြိုင်ဖြစ်ခဲ့ရင် စာဆက်ရေးနေမိမှာ မဟုတ်လောက်ပါ။ မရေးဖြစ်ရင် ဒီဝတ္ထုကိုလဲ အခုလို မြင်တွေ့ခွင့်ရမှာ မဟုတ်ပါဘူး။

နောက် ဒီဝတ္ထုရှည်ကို ရေးမယ်၊ ရေးမယ်နဲ့ အချိန်ယူနေတာ အတော်အတန်ကြာခဲ့ပါပြီ။ ပထမဆုံးရေးသားတဲ့ လုံးချင်းလေးမို့ အခုလို ထုတ်ဝေတော့ ရင်လဲ ခုန်ရပါတယ်။ ၂၀၁၅ ဝန်းကျင်လောက်မှာ ဖြစ်ပျက် ခဲ့တဲ့ ဖြစ်ရပ်မှန်လေးကို အခြေခံထားပြီး စီကာစဉ်ကာ ရေးသားထားတာပါ။ သေးငယ်တဲ့ တိုက်ဆိုင်မှုတွေကို ကြုံတွေ့ဖူးရပေမဲ့ စာအုပ်ပါ အကြောင်း အရာလို တိုက်ဆိုင်ခဲ့တာမျိုးဟာ ကျွန်တော့်ဘဝမှာ ပထမဆုံး ကြုံကြိုက် ခြင်းပါ။

ဒီစာအုပ်ထဲမှာ ပါဝင်တဲ့ ဇာတ်ကောင်တွေဟာ ဒေါ်ထားဝင်းက လွဲလို့ ကျန်တဲ့ ကလေးဇာတ်ကောင်တွေကအစ အခုထက်ထိ အပြင်မှာ ဝမ်းရေးအတွက် လှုပ်ရှားရုန်းကန်လို့ သက်ရှိထင်ရှား ရှိနေကြတုန်းပါပဲ။ သိမ့်သိမ့်နဲ့ ဇော်ဝင်းတို့ရဲ့ အချစ်တွေ မွေးဖွားရာ အထည်ချုပ်ဆည်ကြီးက လဲ မအိုသေးဘဲ ကြည်မြဲ ကြည်နေတုန်းပါ။ ဒေါ်ထားဝင်း ဈေးဆိုင်ဖွင့်တဲ့ မြေကုန်းမို့မို့ တဲကုန်းလေးနဲ့အတူ အရိပ်ခိုဖွင့်ခဲ့ရတဲ့ မလေးရှားပိတောက်ပင် ကြီးလဲ ထီးထီးကြီး ရှိနေလိမ့်အုံးမယ် ထင်ပါတယ်။ ဇော်ဝင်း စက်မောင်း ခဲ့တဲ့ ဆောက်လုပ်ရေး လုပ်ငန်းဆိုက်ကြီးလဲ အခုချိန်မှာ စက်ရုံတွေနဲ့ စည်ကားရောပေါ့။ သူလဲ အခုချိန်ဆို ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း တောင် မသိတော့။ တစ်နေရာဆီ ရောက်ကြတဲ့အထဲမှာ ဒေါ်ထားဝင်းခမျာ ဘဝသစ်ကို ရောက်နေတာက ဝမ်းနည်းစရာ။

မရောက်တာ ကြာခဲ့တဲ့ အဲဒီနေရာလေးမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို လွမ်းမိရင်း စာဖတ်သူတွေကို ဒီဝတ္ထုရှည်လေးနဲ့ ပြည့်ပြည့် စုံစုံလေး ရင်ဖွင့်မိရလို့လဲ ကျေနပ်မိရပါတယ်။

mgyoe.com SAMPLE BOOK

စာအုပ်အဖြစ်ထုတ်တော့မယ်လို့ ဆုံးဖြတ်တော့ ကလောင်သစ်တစ်ယောက်အတွက် အမှာစာလေးလဲ အမှတ်တရ ထည့်ချင်ခဲ့တယ်။ ဘာလို့လဲဆိုရင် ဘာသာပြန်စာရေးဆရာကြီး တင်မောင်မြင့်ရဲ့ 'တမ်းတတတ်သည်' စာအုပ်အမှာဖတ်မိတော့ 'အမှာမပါတဲ့ စာအုပ်ဟာ မိန်းမချောကလေးတစ်ယောက်မှာ မျက်ခုံးမွေးမပါသလိုပဲ' ဆိုလို့ ပြောချင်ရာလေးရေးဖြစ်ရုံသာ။ တစ်ရက်မှာ စာရေးဆရာမောင်ဟံသာ (လင်းလွန်းခင်စာပေ) နဲ့ လက်ဖက်ရည်ဆိုင်မှာ ဆုံပါတယ်။ အမှာစာကိစ္စနဲ့ ပတ်သက်ပြီး စကားစပ်မိရာကနေ ဆရာကြီးဆူးငှက်ဆီမှာ အမှာစာရေးပေးဖို့ အခွင့်ကြုံကြိုက်ခဲ့ပြီး တောင်းခံလိုက်ပါတယ်။ ဆရာကြီးဆူးငှက်ကလဲ အမှာစာနဲ့ ပံ့ပိုးလို့ ကျွန်တော့်ရဲ့ ပထမဆုံးဝတ္ထုရှည်စာအုပ်လေးဟာ ဆရာ့ကျေးဇူးနဲ့ မြိုင်ဆိုင်ခဲ့ရပါတယ်။ သာလိကာတမျှ ဖြစ်ချင်ရာ တွတ်ထိုးပြောနေတာကို မညည်းမညူပုံဖော်ပေးတဲ့ ကိုဂျပန်(အမြွာညီနောင်စာပေ)၊ ဖြစ်မြောက်ဖို့ ပံ့ပိုးခဲ့တဲ့ မောင်ဘုန်း(ဦးလေးရွာ)၊ စာတည်း ဆရာတက္ကသိုလ်တင်ဟန်ကျော်နဲ့ မျက်နှာဖုံးပန်းချီကို ပုံဖော်ပေးတဲ့၊ ကျွန်တော်တို့ ဒေးပေါက်ရွာသားနှစ်ပိုင်း တစ်ပိုင်းဖြစ်တဲ့ ပန်းချီဆရာ အောင်ကျော်တို့ကိုလဲ ကျေးဇူးတင်ရှိရပါတယ်။

အကြောင်းကြောင်းလေးတွေကြောင့် ကြန့်ကြာနေပေမဲ့ အခုတော့ စာဖတ်သူများထံ အရောက်ပို့နိုင်ခဲ့ပါပြီ။ ချွတ်ယွင်းမှုတွေနဲ့ စိတ်တိုင်းမကျရှိခဲ့ရင် ဒီအမှာလေးကနေပဲ တောင်းပန်လိုက်ပါရစေ။

ထက်မြက်ကိုကို

၁၄၊ ၃၊ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ထုံးနှောင်ဖွဲ့သီ နှင်းရည်ဆွတ်ပန်း

အချစ်တဲ့လား…။ အလွမ်းတဲ့လား…။

သစ္စာတဲ့လား…။ မေတ္တာတဲ့လား…။

အချစ်ဆိုတာကို ဒဿနဆရာတွေ၊ ကဗျာဆရာတွေက တစ်ယောက်တစ်မျိုး အနက်အဓိပ္ပာယ်ဖွင့်ကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် မတူဘဲ မရိုးရလေအောင် ပုံစံတွေကလဲ ကွဲပြားတယ်။

အချစ်ဆိုတာ နီးခြင်း၊ ဝေးခြင်းနဲ့လဲ သက်ဆိုင်တယ် မဟုတ်လား။

တစ်နေရာစီ ဝေးနေကြရပေမဲ့ အချစ်ဆွဲအားကြောင့် နီးစပ်သွားတတ်သလို နီးနေကြပေမဲ့ အချစ်ပြင်းအားများတဲ့အခါ အဝေးဆုံးထိကိုလဲ ပို့ပစ်နိုင်တယ်လို့ နားလည်ထားတယ်။

အချစ်ဟာ ဖြူစင်ပြီး အရောင်မရှိ၊ အဆင်းမရှိကြဘူးလို့ ဆိုတယ်။ ရှိတယ်။ ရှိတယ်။ ဒီခေတ်မှာ ကိုယ်ချစ်မဲ့ လူတစ်ယောက်ကို ငွေရှိမှ ချစ်မယ်ဆိုရင် အဲဒီ အချစ်က အရောင်၊ အဆင်း ရှိနေတယ်။ အရောင်၊ အဆင်း ကင်းတာကို မက်မောပြီး ချစ်ကြတဲ့ သူတွေလဲ ဒုနဲ့ဒေး ရှိနေလိမ့်မယ်။

လူတွေ မမုန်းနိုင်တာ တစ်ခုရှိတယ်။ အချစ်။ အချစ်ကို အပင်ပန်းအဆင်းရဲခံပြီး တောင့်တောင့်တတ ရှာဖွေချစ်နေရတာကို ပင်ပန်းတယ်လို့ ဘယ်သူမှ မညည်းကြ။ အချစ်ကြောင့် အဆင်မပြေလဲ နေနိုင်ကြတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

အချစ်ကြောင့် စိတ်ဆင်းရဲရလဲ နေပျော်နေကြသေးတယ်။ အချစ်က နာကျင်အောင်လုပ်နေလဲ မက်မောနေတုန်း။ အချစ်က စိတ်နဲ့ ဘဝကို အောက်ဆုံးရောက်အောင် ထိုးနှက်ချနေလဲ ဖက်တွယ်ယုယချင်စိတ် ရှိနေတုန်းပဲ။ အချစ်က ဥပေက္ခာပြု ထွက်ပြေးနေတာတောင် မရှိရင် မဖြစ်သလိုလိုနဲ့ လိုက်ပြီး ဆွဲငင်ယူကာ မရမက အောက်ကျို့ ချစ်ပြတတ်ကြသေးတယ်။

တကယ်တော့ အချစ်ဆိုတာ တရားရုံးမှာ မှားမှန်းသိသိနဲ့ မမှန်မကန်ထွက်ဆိုရင် ကျမ်းစူးပါစေလို့ ကျိန်ဆိုပြီး လိမ်လည်ထွက်ဆိုနေတဲ့ တရားရင်ဆိုင်ရသူတွေလို ဖြစ်နေမယ်ထင်တယ်။ အချစ်မှိုင်းမိနေလို့ မှားမှန်းသိနေပေမဲ့လဲ ရှေ့ဆက်တိုးဝံ့နေသလိုမျိုး။ အမှားနွံထဲကနေ ရအောင်ရုန်းထွက်ကြည့်ရမယ်။

အချစ်ဆိုတဲ့ စကားလုံးအောက်မှာ ကြည်နူးမှုအပြည့်နဲ့ သာယာခဲ့ပြီး အဆင်မပြေမှုတွေ ကပ်ဆိုက်ရောက်လာမှ အချစ်ကို မကောင်းဘူး၊ မတရားဘူး ဆိုပြန်တော့လဲ ဘယ်တရားရာကျနိုင်ပါ့မလဲ။

အချစ်တန်ခိုး လူဖြစ်ဆိုးရင်လဲ သူတောင်းစားတွေတောင် ချစ်တတ်ကြသေးတာ မဟုတ်လား။

အချစ်က လူမရွေးပေမဲ့ လူတွေကတော့ အချစ် ဆိုတာကို အရောင်တွေ၊ အဆင်းတွေနဲ့ ခွဲခြားရှာဖွေ ရွေးတတ်ကြတယ်။

ဒီလောကဓာတ်ကြီးတစ်ခုလုံးမှာ အချစ်ဆိုတာ ပေါ်မလာရင် ပိုကောင်းနိုင်မလား၊ မကောင်းနိုင်ဘူးလား သိချင်တယ်။ အဲဒီ ဆန်းစစ်ချက်သုတေသန လုပ်ထားတာ ရှိရင်လဲ ဖတ်ကြည့်ချင်မိတယ်။ အပေါ်ယံသိထားတာကတော့ အချစ်ဟာ လူတွေကို ပြုစားတတ်တဲ့ သဘောရှိတယ်။

ဟင့်အင်း။ အချစ်ဆိုတာကြီးကို သတ်ပုံအဘိဓာန်ထဲကနေ ဆွဲထုတ်ပစ်ချင်စိတ် ပေါ်နေမိတယ်။ သိမ့်သိမ့်တစ်ယောက် အချစ်ဆိုတာကို အပြစ်ဆိုရမှာလား၊ မဆိုရမှာလား ဆိုတာကို ဝေခွဲဖို့တောင် သူ့ခမျာ ...

◆

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [ ၁ ]

လောကကို အလင်းပေးမဲ့ နေလုံးကြီးက အပူအပင်ကင်းကင်းနဲ့ တအိအိ တက်လာလိုက်တာ ထန်းတစ်ဖျားသာသာကို ရောက်လုပြီ။ စပြီး ပူမယ် ကြံစည်လျက်။ ရွာ့အရှေ့ဖျားက ဘိုးစဉ်ဘောင်ဆက် ကိုးကွယ် လာကြတဲ့ အရှေ့ကျောင်းတိုက်ကြီးက ကြွလာတဲ့ တောဆွမ်းခံ ဒေါ်စီဝင်း တို့အိမ်ရှေ့လမ်းဆီက ကြွသွားတာတောင် မကြာသေးပါ။

ဒေါ်စီဝင်းတို့ တစ်အိမ်လုံး ရစရာ မရှိအောင် ရှုပ်ပွနေတယ်။ ကလေးကစားစရာ၊ လျှော်စရာ အဝတ်၊ ဆေးရကြောရမဲ့ အိုးခွက် ပန်းကန်တွေက တောင်တစ်ပုံ မြောက်တစ်ပုံ။

ဒေါ်စီဝင်းတို့အိမ်ကလေးက ခပ်ကျဉ်းကျဉ်းဆိုပေမဲ့ ခပ်တောင့် တောင့်လေးနဲ့ နေချင်စရာ ကောင်းလှတယ်။ တစ်အိမ်လုံးမှာမှ မိသားစု လေးက လေးယောက်ပဲ။

သိမ့်သိမ့်ရယ်၊ အဖေ ဦးဆောင်းရယ်၊ အမေ ဒေါ်စီဝင်းရယ်၊ ကရင်လေးရယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

ဦးဆောင်းကတော့ ထင်းပေါက်၊ ထင်းခွဲဝှားသူရှိရင် မနက်စောစော ထွက်သွားတတ်တယ်။ တချို့နေ့တွေဆို ညနေစောင်းမှ အိမ်ကို ပြန်ရောက်တတ်တယ်။ သိမ့်သိမ့်ကတော့ ပါးစပ်ပေါက်တွေ လှုပ်နေရဖို့ နေ့စားထွက်လုပ်လေ့ရှိတယ်။ နေ့တိုင်းတော့ လုပ်ရတာ မဟုတ်။

ရာသီပင်တွေ စိုက်ပျိုးချိန်နဲ့ ရိတ်သိမ်းချိန်၊ ခူးဆွတ်တဲ့ အချိန်တွေက တောသူတောင်သားတို့အဖို့ အလုပ်အပေါဆုံးအချိန်၊ အဲဒီ အချိန်ဆို လယ်ရှင်လယ်သမားတွေ ဦးနှောက်အခြောက်ဆုံးအချိန်။ အလုပ်သမားရလိုရငြား သူများထက် လုပ်ခဈေးပိုပေးတာတောင် တစ်ခါတလေ ငှားမရတတ်လို့ လယ်ရှင်လယ်သမားတွေ အခက်ကြုံရတတ်တယ်။

ရာသီပင်တွေ တောင်ဆုပ်လောက်ကြီးတဲ့ အခါဆို ပေါင်းပေါင်ပေါ်က မြက်ပင်နုတ်ရ၊ မြေဆီမြေသြဇာကျွေးရ၊ အပင်တွေ အစာရေစာတိုက်ရလောက်ပဲ သိမ့်သိမ့်တို့ အလုပ်လုပ်ရတယ်။ ဒါလောက်ပဲ ရက်ခြားအလုပ်လုပ်ရလေ့ ရှိတယ်။ ကျန်တဲ့ ရက်တွေဆို အိမ်မှာ နားနားနေနေ အိပ်လိုက်စားလိုက်နဲ့ပဲ တစ်နေ့တာ ကုန်ဆုံးရတယ်။

တချို့နှစ်တွေမှာဆိုရင် အလုပ်သမားက ဘုရင်တစ်ပါးပင်။ အလုပ်သမားလိုချင်လို့ ငါ့အိမ်ကို အလုပ်ဆင်းပါကွာလို့ ခခယယနဲ့ တောင်းပန်လာကြတဲ့ အလုပ်ရှင်တွေမှ တစ်ပုံတစ်ပင်။ အလုပ်သမားတွေအဖို့ နေ့စားအလုပ်ဆိုတာ တစ်ခါတလေ ထွက်ရှာစရာမလိုသလို လိုက်ဆက်နေစရာလဲမလို။ မိုးတွင်းအခါ အလုပ်ရှားပြီဆိုရင်လဲ ဖိနပ်တိုက်တောင်ခေါ်မဲ့ သူ တကယ်မရှိ။ အဲဒီလို အချိန်တွေဆိုရင်တော့ နွေရာသီမှာ ပဲတွေ ခူးဆွတ်လုပ်ရဖို့ အလုပ်သမားခေါင်းတွေဆီကနေ ဝါဆို၊ ဝါခေါင်လလောက်ကတည်းက လုပ်အားခ ထုတ်စားကြရုံပဲ ရှိကြတယ်။ လုပ်အားခ ဆိုတာကလဲ များများစားစား မဟုတ်လှ။ အလုပ်သမားတစ်ယောက်မှ ငွေလေးသောင်းပဲ ထုတ်ပေးလေ့ရှိတယ်။ ငွေ စပြီးထုတ်ရက်က အတိုးစပြီး ပဲတီစိမ်း စခူးရက်အလုပ်စပြီဆိုမှ အတိုးသတ် ရပ်တယ်။ ဒါတောင် အလုပ်သမားခေါင်းတိုင်း


mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်။ မတင်ဉခေါင်း၊ မကျင်ဆန်းခေါင်း ကြိုက်တဲ့ ခေါင်းဆီမှာ ငွေထုတ်စားလို့ ရတယ်။ နှစ်ဖက်စလုံးတော့ ထုတ်စားလို့ မရ။

သိမ့်သိမ့်လဲ ဒီနယ်မှာနေတော့ ဒီအရပ် ဒီဇာတ်ထဲက ကချေသည်တစ်ဦးပေပဲ မဟုတ်လား။ ဒီနယ်က အလုပ်၊ ဒီနယ်က လူတွေနည်းတူ လည်ပတ်လုပ်ကိုင်စားသောက်နေရတာ အများမိုးခါးရေသောက် ကိုယ်က ဘာလို့ မသောက်နိုင်ရမလဲဆိုကာ အံကိုကြိတ်ရင်း လောကဓံကို အရှုံးမပေးရင်ဆိုင်နေရသူ ဖြစ်တယ်။ ဒေါ်စီဝင်းကတော့ အိမ်နေ ကလေးထိန်းသမား အဖြစ်သာပဲ။

◆

စံပြရွာဆိုပေမဲ့ ဒေးပေါက်ရွာရဲ့ ဒီနေရာကိုတော့ မြောက်ချောင်လို့ သုံးနှုန်းလေ့ ရှိကြတယ်။ တစ်ခါတစ်ရံ မြောက်ပိုင်းသား၊ တောင်ပိုင်းသား ခွဲခေါ်တတ်ကြပေမဲ့ တစ်ခါတစ်ရံတော့ မြောက်ချောင်ကဟာတွေ၊ အရှေ့ချောင်ကဟာတွေလို့ ခေါ်ဝေါ်တတ်ကြတယ်။ ရွာကကြီးပြီး ကျယ်ဝန်းကာ အိမ်ခြေစိပ်တယ်။ ရွာခံသာမက အလည်ရောက်သူတွေကပါ အပိုင်းအခန်း ခွဲခေါ်တတ်ကြတယ်။

သိမ့်သိမ့်တို့နေတဲ့ အိမ်ဝန်းကျင်က လူနေတော့ ထူထပ်တယ်။ လူနေထူထပ်ပြီး အိမ်ကလေးတွေက ချောင်ကလောင်ထဲမှာ ခပ်စိပ်စိပ်နဲ့မို့ ချောင်ဆိုတဲ့စကား သုံးကြဟန်တူရဲ့။ အိမ်တစ်အိမ်ရဲ့ သားသမီးတွေ အိမ်ထောင်ကျရင် အဝေးမနေချင်တဲ့အခါ ကျယ်တဲ့ခြံက ကျယ်တဲ့အလျောက်၊ ကျဉ်းတဲ့ခြံကလဲ ကျဉ်းတဲ့အလျောက် မိဘခြံ၊ ညီအစ်ကို မောင်နှမ ခြံဝိုင်းတွေထဲမှာပဲ ရသလိုလေးတွေ ဆောက်နေကြရတယ်။ အိမ်တစ်လုံးစာကျယ်ရင်လဲ အိမ်တစ်လုံးဆောက်၊ မကျယ်တဲ့ ခြံကျတော့လဲ မိဘအိမ်နောက် အဖီလေးဆွဲနေဖြစ်ကြတယ်။ ကြာလာတော့ သိမ့်သိမ့်တို့ အိမ်ပတ်ချာလည်မှာ အိမ်တွေ ပိတ်သိပ်နေလို့ လေတိုက်ရင် ဟိုးလေ အောက်က အိမ်က လေတိုက်တဲ့ အရသာ ခံစားခွင့် မရှိ။


mgyoe.com

mgyoe.com SAMPLE BOOK

အိမ်တွင်းက ငြင်းခုံနေတဲ့ အသံကို အမြဲကြားရတဲ့ ပတ်ဝန်းကျင် အတွက်ကတော့ သိမ့်သိမ့်တို့မိသားစုနဲ့ ဘယ်တော့မှ သဟဇာတဖြစ်လိမ့်မယ် မဟုတ်။ နေ့စဉ်လိုလို အော်သံဟစ်သံ ဆူညံသံတွေကြောင့် ပတ်ဝန်းကျင်က သိမ့်သိမ့်တို့ မိသားစုလေးကို ကြည့်မရ၊ သိပ်ပြီး မပတ်သက်ကြ၊ ခပ်ကင်းကင်းနေကြတာ များလှတယ်။

"သိမ့် သွားမှ ဖြစ်မယ် အမေ၊ ဒီမှာ နေတော့လဲ"

ဒေါ်စီဝင်းက အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ခပ်ဝဝခန္ဓာကိုယ်ကြီးကို မလှုပ်မယှက်ထိုင်နေတယ်။ သိမ့်သိမ့်ကတော့ မီးဖိုချောင်အပေါက်ဝ ရေ ကပြင်မှာ ငူလျက်။ သားအမိနှစ်ယောက် စကားကို သူတစ်ခွန်း ကိုယ် တစ်ခွန်း အချေအတင် ပြောဆိုနေကြတယ်။ သားအမိနှစ်ယောက်ပြောနေတဲ့ အသံကို အတော်ဝေးဝေးက ကြားရတယ်။ လေသင့်ရင် ဘာအကြောင်းနဲ့ ဖြစ်နေကြတယ်ဆိုတာကို အိမ်ဝန်းကျင် လူတွေက ဂဃနဏ ကြားရတတ် တယ်။ ဦးဆောင်းကတော့ ခပ်အေးအေးနေသူမို့ အချီအချအသံ ကြားလိုက် တိုင်း သူ့အသံတော့ ကြားရတယ် မရှိ။ ဒေါ်စီဝင်းတို့အိမ်က အော်ဟစ် ပြောဆိုသံဟာ သူတို့အိမ်နားမှာ ဝက်တွေကို ခြံကြီးနဲ့ မွေးထားပြီး သားသတ် အလုပ်လုပ်တဲ့ ကိုနီမောင်တို့အိမ်က ဝက်အုပ်လိုက်ကြီး အော်နေတဲ့ အသံကို တောင် ဖုံးလွှမ်းသွားတတ်သေးတယ်။

"ဒီမှာနေတော့ ဝတ်လို့လား၊ ညည်း နေ့စားမဆင်းတာတောင် ညည်းအဖေ ထင်းပေါက်ခနဲ့ မငတ်အောင် စားနေလို့ ရနေတာပဲ မဟုတ်လား"

"လောက်တော့ လောက်တာပေါ့ အမေရယ်၊ မတ်တတ်စာ တောင် အနိုင်နိုင် ရှာစားနေရတာ၊ တုံးလုံးစာလေးတော့ ရှာဖွေစုဆောင်း ထားရမှာပဲ၊ ရရစားစားနဲ့ ဒီနေ့ရှာ ဒီနေ့ကုန်နေတာကို ကျေနပ်နေလို့ မဖြစ်သေးပါဘူး အမေရယ်၊ ပတ်ဝန်းကျင်မှာ တစ်ရက်စာ တစ်ရက် အနိုင်နိုင်စားနေရတဲ့ ဘဝတွေကို အမေ မြင်ဖူးမှာပါ၊ ဒီနေ့ရှာ ဒီနေ့စား ကုန်လို့ နှာစေး ချောင်းဆိုးရင်တောင် ဆေးဝယ်ဖို့ တစ်ရာ၊ နှစ်ရာ မရှိရှာတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

ဘဝတွေကို သမီးတို့ မြင်နေရတာပဲလေ၊ ဒါတောင် နှာစေးဖျားနာရုံ ရှိသေးတာ၊ အိပ်ရာထဲ လုံးဝလဲနေရင်တော့ အသေခံမှပဲ ရလိမ့်မယ် အမေ၊ သမီး အလုပ်သွားလုပ်မယ်ဆိုတာက တုံးလုံးစာလေး ပိုနိုင်မလားလို့ သူများနယ်မှာ စွန့်ပြီး သွားလုပ်ကြည့်မလို့ပါ အမေရဲ့"

သိမ့်သိမ့်က ဆံပင်ကို အုန်းဆီလိမ်းနေရင်း ဒေါ်စီဝင်းကို စီကာပတ်ကုံး လှမ်းပြောလိုက်တယ်။

"မြို့တက်လုပ်တာ လွယ်တယ်ထင်သလား သိမ့်သိမ့်၊ ညည်း အရင်သွားလုပ်တုန်းက ပင်ပန်းလို့၊ တစ်နေကုန် မတ်တတ်ရပ်နေရလို့ မလုပ်နိုင်ပါဘူးဆိုပြီး ပြန်လာတာပဲ မဟုတ်လား၊ အခုလဲ သွားအုံးမယ် ဆိုတော့ စဉ်းစားပေါ့အေ၊ တကက်တကက်ကြွကြွနဲ့ မြို့တက်လုပ်ဖို့သွားပြီး မလုပ်နိုင်လို့ တစ်ရက်၊ နှစ်ရက်နဲ့ ပြန်လာရင် ပတ်ဝန်းကျင်မှာ လူရယ်စရာ ဖြစ်နေပါအုံးမယ်အေ၊ ကြည့်လုပ်ပါ မိသိမ့်သိမ့်အောင်ရယ်၊ ထိုင်နေ အကောင်းသား"

ဒေါ်စီဝင်းက သမီးကို ခြေပြန်လက်ပြန်အပြည့် မဲ့တဲ့တဲ့ မာန်ပါပါ အိမ်ရှေ့ကွပ်ပျစ်ပေါ်ကနေ စွေကြည့်ပြီး ပြောလိုက်တယ်။ သိမ့်သိမ့်ရဲ့ နာမည်အရင်းက သိမ့်သိမ့်အောင်၊ ငယ်ကတည်းက သိမ့်သိမ့်ပဲ ခေါ်လာကြတာမို့ သူတို့မိသားစုအတိုင်း ပတ်ဝန်းကျင်ကပါ အတူလိုက်ခေါ်ကြတယ်။

"အထည်ချုပ်မှာ ဝင်လုပ်ဖို့ ထားထားကိုလဲ ပြောထားပြီးပြီ၊ ထားထားကလဲ လာခဲ့၊ အဆင်ပြေတယ်တဲ့၊ လောလောဆယ်တော့ ထားထားတို့အိမ်မှာပဲ ထမင်းဖိုး ခဏပေးနေပြီး လုပ်နေရမှာပဲ အမေ၊ ဒီမှာ သမီးနေတယ်ထားအုံးတော့ လယ်ထဲ နေ့စားထွက်လုပ်လဲ တစ်လလုံး ပင်ပင်ပန်းပန်းလုပ်မှ ဒီလောက်ပဲ ရတာ မဟုတ်လား၊ ဟိုမှာက စက်ရုံ အလုပ်လေ၊ ရတဲ့ ပမာဏချင်း အတူတူကို လူရည်သန့်သန့် လုပ်ရတယ် အမေ၊ ဒါကြောင့်မို့ သမီး သန်လျင်ပဲ သွားမယ်"


mgyoe.com

mgyoe.com SAMPLE BOOK

သိမ့်သိမ့်က တရစပ် တွန်းကန်ပြောနေတော့လဲ အမေ ဒေါ်စီဝင်းက ငြိမ်ချက်သား ကောင်းနေတယ်။ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ဒူးနှစ်လုံးထောင် ထိုင်နေတဲ့ အမေကို သိမ့်သိမ့် လှမ်းကြည့်လိုက်တော့ အိမ်ရှေ့က အုန်းပင်ကြီးရှိရာဘက်ကို တွေတွေကြီး စိုက်ကြည့်နေတာ တွေ့ရတယ်။

"သက်သာမယ် ဆိုတာတော့ သိပါတယ် သိမ့်သိမ့်ရယ်၊ ညည်းသွားတော့ ကရင်လေးက ရှိသေးတယ်၊ ကျောင်းက ထားရတော့မယ် ဟုတ်လား၊ ညည်းက လူငယ်ဆိုတော့ လူငယ်အတွေးလေ၊ ငါတို့က လူကြီးအတွေးနဲ့ ရှေ့ရေး နောက်ရေး တွေးပြောတာပါအေ့"

ဒေါ်စီဝင်းက ပြောသာ ပြောနေရပေမဲ့ မျက်နှာက မကောင်းလှ။ သမီးကို မသွားစေချင်လို့ ဟိုဟာ အကြောင်းပြ၊ ဒီကိစ္စ အကြောင်းပြနဲ့။ အခု မသွားစေချင်လို့ ကရင်လေးရဲ့ ရှေ့ရေး နောင်ရေးကိုပါ အကြောင်းထပ်ပြနေတာကို သိမ့်သိမ့် ရိပ်စားမိတယ်။

"အမေရယ်၊ ကလေးက မူကြိုပဲ ရှိသေးတာ၊ ကျောင်းကြီးမှ မရောက်သေးတာ တွေးပူမနေစမ်းပါနဲ့၊ သမီး အဆင်ပြေရင် အမေတို့ပါ သန်လျင်ကို ပြောင်းခဲ့ကြ၊ ဟိုမှာ ကိုယ့်လူအခံ အမေ့ညီမ ထားထားလဲ ရှိနေတာပဲကို"

သိမ့်သိမ့်စကားဆုံးတော့ ဒေါ်စီဝင်းက ဖျတ်ခနဲ လှမ်းကြည့်တယ်။

ကရင်လေးက ခြောက်နှစ်ထဲကို ရောက်လုပြီ။ စားသောက်ရေး ရုန်းကန်ကြရတာနဲ့ ကလေးပညာရေးကို အထူးအလေးပေး မလုပ်နိုင်လို့ ပညာရေးနောင့်နှေးနေရတာကို သိမ့်သိမ့် သိတယ်။ ပညာရေးပဲ၊ လူတိုင်း ဦးစားပေးချင်ကြတာပေါ့။ လောလောဆယ် သေရေးထက် နေရေး၊ စားရေးက အခရာကျနေတာမို့ လုံးပန်းနေရတာလို့ သိမ့်သိမ့် ပြန်ပြောလိုက်ချင်မိတယ်။

"ညည်းအဒေါ်ကို အရမ်းအားကိုးမနေနဲ့ သိမ့်သိမ့်၊ ညည်းအဒေါ်က သူတောင် ယက်ကန် ယက်ကန်နဲ့ ပျာပျာလူးလူး ဖြစ်နေတာ၊ သူ့သားတစ်ယောက်နဲ့တောင် ဒေါင်ချာစိုင်းအောင် ရုန်းကန်နေရတာ၊ ပြောသလောက်


mgyoe.com

mgyoe.com SAMPLE BOOK

လွယ်တဲ့ အရာ မဟုတ်ပါဘူးအေ၊ လင်ရှိ မုဆိုးမဘဝနဲ့ ရုန်းကန်နေရတာ ပိုအိုစနာကျပြီး သူ့ကြည့်ရတာ ကိုယ်ပါ စိတ်ပင်ပန်းပါတယ်အေ၊ ဒါကို ညည်းက ဘယ်လိုစိတ်နဲ့ အားကိုးသွားမှာတုံး၊ ခက်ပါ့အေ"

ဒေါ်စီဝင်းက အော်အော်ပြောပြော လှည့်ပြောလိုက်တယ်။ လင်ရှိ မုဆိုးမဆိုတာ ဒေါ်ထားဝင်း အိမ်ထောင်ကွဲနေလို့ ယောကျ်ားသားမရှိတာကို ဆိုလိုပြောနေတာ၊ ဒေါ်စီဝင်းအပြောကို သိမ့်သိမ့် လက်မခံတဲ့ ဟန်အပြည့်နဲ့။

"သိမ့်သိမ့်ကတော့ စွန့်ပြီး သွားလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ အမေ၊ ဒီလိုမှ မစွန့်ရင်လဲ ရွာမှာပဲ ကျင်လည်နေရတော့မှာပဲ"

"ညည်း အလုပ်သွားလုပ်မယ်ဆိုတိုင်း ငါက လန့်နေရတာ ပါအေ"

ဒေါ်စီဝင်းမျက်နှာက ခါရာသီမဟုတ်ဘဲ အငြိုးတေးနဲ့ အုန်းအုန်း ချုရှာနေတဲ့ မိုးလို မသာမယာနဲ့။ မျက်စိမျက်နှာ အတော်လေးပျက်နေတယ်။

"ဘာမှ စိတ်မချ ဖြစ်မနေနဲ့ အမေ၊ အရင်လို အဝေးကြီးက လှိုင်သာယာအထည်ချုပ် မဟုတ်ဘူး၊ သန်လျင်အထည်ချုပ်တင်ပဲ လုပ်မှာ ကို၊ လွမ်းတဲ့အခါ အမေတို့လာလည်ရင် နေ့ချင်းပြန်ရောက်တော့ နီးတာ ပေါ့၊ ထားထားကတော့ လာမဲ့ ကြာသပတေးနေ့ တက်လာခဲ့တဲ့"

သိမ့်သိမ့် ဆံပင်အုန်းဆီလိမ်းပြီးလို့ အိမ်အောက်ဆင်းထွက်လာ ခဲ့တယ်။

"ညည်းသဘောပဲအေ၊ ပြောမရလဲ နေတော့"

ဒေါ်စီဝင်းစကားကို ဆုံးအောင်နားမထောင်တော့ဘဲ မျက်နှာ ချင်းဆိုင်က အဘွားမယ်ရှုအိမ်တို့ အိမ်ဘက်ကို သိမ့်သိမ့် ထွက်လာခဲ့လိုက် တော့တယ်။

◆

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [ ၂ ]

ခံစားချက်တွေ များလာရင်တော့ မည်သူမဆို မမေးဘဲ အန်ကျတတ်၊ ရင်ဖွင့်တတ်ကြမယ် မဟုတ်ပါလား။ ရင်ဖွင့်စရာ နားထောင်ပေးမဲ့သူ မရှိရင်တောင် မျက်ရည်လေးကျလိုက်ရမှ၊ သီချင်းလေး အော်ညည်းလိုက်ရမှ သက်သာကြတယ် ထင်ကြပေမဲ့ သိမ့်သိမ့်ကတော့ အဲဒါတွေဟာ အလကားသက်သက်လို့သာ ထင်နေတယ်။

တချို့ ခံစားချက်တွေကို နင့်သည်းသိပ်သည်းလွန်းလို့ ဖွင့်ပြောပြဖို့ အားတောင်မရှိတော့တဲ့ အခြေအနေလဲ သိမ့်သိမ့် ကြုံဖူးတယ်။ ဖြစ်ချင်ရာ ဖြစ်စေတော့လို့ တစ်ဇွတ်ထိုး၊ တဓောက်ကန်းဆန်ဆန် နေပြလိုက်ချင်စိတ်တွေ ခဏ ခဏ ပေါ်လာခဲ့တယ်။ ကိုယ်ကိုယ်တိုင်က လက်လွတ်စပယ် ပေါ့ပေါ့ပါးပါး လူငယ်ပီပီ နေလိုက်ချင်ပေမဲ့ ကိုယ့်နောက်ပြန်ကြည့်ရင် ကျောပဲရှိဆိုသလို ငဲ့ကွက်စရာ မျက်နှာတွေရယ်မှ အများသားပဲ မဟုတ်လား။

အခုချိန် ကောင်းကင်မှာ လွတ်လွတ်လပ်လပ် ပျံသန်းနေတဲ့ ငှက်ကလေးတစ်ကောင်လို သိမ့်သိမ့် နေလိုက်ချင်တယ်။ သေချာတွေးကြည့်လိုက်တော့လဲ ငှက်ကလေးတွေကို လွတ်လပ်စွာ ပျံသန်းနေတယ်လို့ထင်တာက ကိုယ့်ရဲ့ စိတ်သက်သက်ပဲလို့ လောကကို မျက်စိတစ်ဆုံး ဖြန့်ကြက်တွေးကြည့်ပေးလိုက်တယ်။ သူလဲ သူ့အပူနဲ့ သူ ရှိနေလိမ့်မယ် မဟုတ်လား။



mgyoe.com

mgyoe.com SAMPLE BOOK

သိမ့်သိမ့်မှာလဲ အပူပေါင်း သောင်းခြောက်ထောင်မက။ စဉ်းစားလိုက်တိုင်း မျက်ရည်က ကျချင်ချင်။ ဘဝတွေသာ တစ်ဆစ်ချိုး ပြောင်းပြောင်းနေတာ သာခဲ့ဖူးတယ်လို့ မရှိခဲ့တာအမှန်။ နာခဲ့ဖူးတဲ့ ရက်ပေါင်းက လက်ချိုးလို့ မရေနိုင်။

အဖေရယ်၊ အမေရယ်၊ ကရင်လေးရယ်။

တစ်နေ့ တစ်နေ့ ဆိုတဲ့ စကားကို သုံးလို့ မဖြစ်လို့ နေ့တိုင်းလို့ပဲ ပြောရမယ်။ သိမ့်သိမ့်တစ်ယောက် ဒီအထည်ချုပ်စက်ရုံနဲ့ နေနေတဲ့ လိုင်းခန်းကို အသွားအပြန် နေ့တိုင်းလိုလို ခြေကျင်လေးပဲ လျှောက်ဖြစ်တယ်။ စက်ရုံနဲ့ အထည်ချုပ် အိမ်ရာလိုင်းခန်းက သိပ်အဝေးကြီးတော့ မဟုတ်။ သူ့လိုပဲ အိမ်ရာထဲက အလုပ်သမားတိုင်းလိုလို လမ်းလျှောက်သွားတတ်ကြတယ်။ တချို့က စက်ဘီးလေးတွေနဲ့။ ဝေလီဝေလင်းကတည်းက ချက်ဟယ် ပြုတ်ဟယ်နဲ့ နှစ်ပါးသွားရင်း တစ်နေ့တာ နောက်ပိုင်းဆက်ကဖို့ ထမင်းချိုင့်လေးဆွဲကာ နေ့စဉ် အလုပ်သွားရတာက အမောပါပဲ။

အလုပ်လုပ်ရာ ဝန်းကျင်နေရာဆိုတော့လဲ သိမ့်သိမ့်အတွက် အဖော်အပေါင်းအသင်းက သိပ်ရှိလှတယ် မဟုတ်။ ကိုယ့်ဒေသဝန်းကျင် မဟုတ်တော့ အလုပ်က ခင်မင်နေတဲ့ အပေါင်းသင်းလောက်ပဲ ရှိတယ်။ အတွင်းကျကျ မပေါင်းဖြစ်။ စိတ်ပေါင်းကိုယ်ခွာ သဘောလောက်တော့ ပေါင်းဖြစ်တယ်။

အလုပ်နဲ့အိမ်နဲ့ ခေါက်တုံ့ခေါက်ပြန် ကူးလူးနေရတာ ပင်ပန်းတယ်လို့လဲ သူ့ခမျာ မညည်းနိုင်၊ ပျင်းတယ်ရယ်လို့လဲ ပြောမရဘူး။ အထည်ချုပ်အလုပ်တောင် အထည်ချုပ်မှာ လုပ်သက်ကြာနေပြီဖြစ်တဲ့ ဆွေမကင်း မျိုးမကင်း အဘွားလေးဖြစ်သူ ဒေါ်မြစန်းရီနဲ့ ပတ်သက်ပြီး အဒေါ်ဖြစ်သူ ပြောပေးထားလို့ အခန့်သင့် ရထားတာ ဒေါ်မြစန်းရီက ဒေါ်စီဝင်းနဲ့ ဒေါ်ထားဝင်းတို့ရဲ့ ဝမ်းကွဲအစ်မကြီးဆိုတော့ သိမ့်သိမ့်တို့အတွက်က အဘွားလေးတော်လောက်တယ်။ ဆွေမျိုးတစ်သိုက်လုံးကတော့ အဖျားဆွတ် ခေါ်ကြတယ်။ ဒေါ်မြစန်းရီကို စန်းစန်း၊ ဒေါ်ထားဝင်းကို


mgyoe.com

mgyoe.com SAMPLE BOOK

ထားထားတဲ့။ အဘွားလေးဖြစ်သူရဲ့ကောင်းမှု အကြောင်းပြုပြီး ရထားတဲ့ အလုပ်မို့ သူများတွေလိုတော့ အထူးတလည် ရှာစရာမလိုတဲ့ အလုပ်ဆို မမှားလှ။ ပျော်လို့လုပ်ရတဲ့ အလုပ်မဟုတ်လို့ ပျော်အောင် လုပ်မယ်လို့ စိတ်ကူးရင်း ဖြတ်သန်းရတာက ပိုပင်ပန်းသလိုလို။ ဆေးစက်ကျရာ အရုပ် ထင်ဆိုပေမဲ့ ထင်တဲ့ဆေးစက်က သူများထက် လှရင်တော့ ပိုကောင်းမယ် မဟုတ်လား။

လောကကြီးမှာ နေမပျော်တာကိုတော့ သိမ့်သိမ့် ခဏ ခဏ တွေးဖူးတယ်။ တွေးဖူးတိုင်း ဘကြီးညွှန့်ဟန် ပြောဖူးတဲ့ စကားကို သိမ့်သိမ့် အမှတ်ရတယ်။

'တို့ ဒီနောက်ပိုင်းလူတွေက သေမလား၊ နေမလားဆို သေပါ့မယ် ဆိုတဲ့ လူတွေချည်းပဲ၊ တို့တွေငယ်ငယ် ခေတ်မမီတဲ့ အချိန်ကလူတွေဆို သေမဲ့ဘေး ပြေးတွေ့ရဲတယ်၊ ဒီခေတ်လူတွေကြည့်ရတာ ဘာမဟုတ်တဲ့ ကံကြမ္မာက မျက်လှည့်လေးတစ်ကွက်လောက် ပြလိုက်ရင် တကယ် သေတော့မဲ့အတိုင်းပဲ၊ ငါတော့ သူတို့ကြည့်ပြီး ရင်လေးသပ'ဆိုသလိုပဲ။

'ဘကြီးပြောတာလဲ ပြောတာပဲလေ၊ ခေတ်မှ မတူတာ'လို့ သိမ့်သိမ့် ပြန်ပြောလိုက်ချင်တယ်။ လောကကြီးမှာ သုံးပုံ နှစ်ပုံလောက် နေပြီးတဲ့ သူတွေဆိုတော့ ဒီဘက်ခေတ်လူငယ်တွေကို ဘယ်နားလည်နိုင်ပါ့ မလဲ။ ခေတ်တွေကလဲ ကွာခြားခဲ့ပြီ မဟုတ်လား။

'ဆင်ပိန်တာ ကျွဲလောက်ရှိ ဆိုပေမဲ့ အခုက ဖြုတ်လောက်ထိ ပိန်တဲ့ခေတ် ဘကြီးရဲ့' လို့ သိမ့်သိမ့် ပြောချင်စိတ်က တဖွားဖွား။

မိဘတွေက တောအလုပ်ကို လုပ်စား ကိုင်စားနေတုန်း ဆိုပေမဲ့ အသက်အရွယ်တစ်ခုကို ထောက်လာပြီမို့ တစ်အိမ်လုံးရဲ့ တာဝန်က သိမ့်သိမ့်ရဲ့ ခေါင်းပေါ်မှာ အပုံလိုက်ကြီး။ ကရင်လေးကလဲ အရွယ် ရောက်လာပြီ ဆိုတော့ မူကြိုကျောင်းလေးထားထားမှ ကောင်းမယ်။ နောင်လာမဲ့အရေး နောက်မှ အသာတွေးတာပေါ့လို့ စိတ်ပိုင်းဖြတ်ကာ အတွေးတွေကို သိမ့်သိမ့် ဖျက်ပစ်တယ်။


mgyoe.com

mgyoe.com SAMPLE BOOK

သိမ့်သိမ့် အထည်ချုပ်စက်ရုံမှာ လုပ်တာ သုံးလကျော်လောက် ရှိနေပြီမို့ နေသားကျလို့ အခြေနေကောင်းရင် အဖေ၊ အမေ၊ ကရင်လေး တို့ကို ရွာကနေ လှမ်းခေါ်ပြီး အထည်ချုပ်လိုင်းခန်းမှာပဲ အတူနေဖို့ သိမ့်သိမ့် မှန်းထားတယ်။ အလုပ်အသစ်နဲ့ နေရာတကျ အခြေချဖို့က လက်တလော မဖြစ်နိုင်သေး။ မိသားတစ်စုလုံး သိမ့်သိမ့် လုပ်စာကို အမှီပြုနေရတယ် ဆိုလဲ မမှားနိုင်။ အဖေ ဦးဆောင်းရဲ့ ထင်းပေါက်ခနဲ့ သစ်ပင်တတ်ခ ဆိုတာက မီးဖိုချောင်စရိတ်လောက်ပဲ ကာမိရုံသာ။ ဒါကို စဉ်းစားမိလို့ အထည်ချုပ်မှာ အလုပ်ဝင်လုပ်ဖို့ သိမ့်သိမ့် ဆုံးဖြတ်ချက်ချတာ။ အမေက ဦးဆောင်းရဲ့ ထင်းပေါက်ခနဲ့ လောက်တယ်လို့သာပြောတာ၊ သာရေး၊ နာရေးကူဖို့ လူမှုရေး ဆိုတာက တောနေတောထိုင် သမားတွေအတွက် အရေးပါတယ် မဟုတ်လား။ စားစရာမရှိ လျော်စရာရှိ ဆိုသလို ဝက်သား မစားနိုင်ပေမဲ့ ဝက်သားတစ်ပိဿာဖိုးလောက် ငွေပမာဏတော့ သာရေး နာရေးကူဖို့ မြော်မြင်နေလို့ကလဲ မရပြန်။

'ကိုယ့်ရွာမှာလဲ လုပ်စားရင် ဖြစ်နေတာပဲ သိမ့်သိမ့်ရယ်၊ မြို့ တက်လုပ်မှ ဖြစ်မှာကျနေတာပဲ၊ အထည်ချုပ်မှာ ဘယ်လောက် လစာရနေ မှာမို့တုံး၊ ရွာမှာ လက်ကြောတင်းတင်းနဲ့ နေ့စားဆင်းနေလဲ ညည်းမြို့က လစာလောက်တော့ ရပါတယ်အေ၊ ပြီးတော့ နေကုန်နေခန်းလုပ်ရမှာ၊ ညည်းလို နုနုရွရွလေးနဲ့ ငါတော့ မထင်ပါအေ၊ ညည်း လုပ်နိုင်ပါ့မလား'

လုပ်မကြည့်ရသေးဘဲနဲ့ ရှေ့က ကာဆီးကာဆီး ပိတ်ဒကာလုပ် နေတာ ရှေးလူကြီးတွေအကျင့်ဆိုတာ သိမ့်သိမ့်သိနေတာမို့ ဘဝင်မကျပေမဲ့ ထွေထွေထူးထူးတော့ ပြန်မပြောခဲ့။

'အမေရယ် မဖြစ်ဖြစ်အောင်တော့လုပ်ရမှာပဲ၊ ဒီမှာနေလဲ လယ်နဲ့ အိမ်၊ အိမ်နဲ့လယ်ထဲ ပတ်ချာလည်နေတာ၊ တိုးတက်ရာ တိုးတက်ကြောင်း လေးတော့ ရှာမှပေါ့၊ တောမှာလုပ်လဲ ဒီလောက်၊ မြို့မှာလုပ်လဲ ဒီလောက် ဆိုပေမဲ့ လူရည်သန့်သန့်လေးနဲ့ လုပ်ရတာတော့ ကွာပါတယ် အမေရယ်'


mgyoe.com

mgyoe.com SAMPLE BOOK

အထည်ချုပ်မှာ အလုပ်တက်လုပ်ရဖို့အရေး အမေနဲ့ ကရိကထများရပုံကို သိမ့်သိမ့် ပြန်သတိရနေမိတယ်။ ဒေါ်စီဝင်းပြောသလို ဟုတ်တော့လဲ ဟုတ်တယ်။ တစ်နယ်တစ်ကျေးမှာ မိန်းမသားတစ်ယောက်တည်း ရုန်းကန်ဖို့ဆိုတာ လွယ်တော့မလွယ်။ ပြီးတော့ အထည်ချုပ် လိုင်းခန်းမှာ အမေရဲ့ညီမ ဒေါ်ထားဝင်းလဲ ရှိနေတာမို့ သိမ့်သိမ့်အတွက် အားဖြစ်ရတယ်။ ဒေါ်ထားဝင်းနဲ့ အထည်ချုပ်လိုင်းခန်းမှာ အတူပဲနေတယ်၊ အတူစားတယ်။ တစ်ခါတလေ ဆန်ကို အတူ ငွေစပ်ဝယ်ကြတယ်။ ဟင်းချက်စရာက အဒေါ်တစ်လှည့်၊ သိမ့်သိမ့်တစ်လှည့်နဲ့ပဲ။ သိမ့်သိမ့်က တစ်ခါတလေမှပါ။ အဒေါ့်အလှည့်က များတယ်။

ဒေါ်ထားဝင်းဆိုတာက သားတစ်ယောက်အမေ ဝါရင့်တစ်ခုလပ်။ ဒေါ်ထားဝင်း အိမ်ထောင်ကွဲခဲ့တာ သားရဲ့တစ်သက်ပဲ။ သားအမိနှစ်ယောက် ကြုံရာကျပန်း လုပ်ကိုင်စားသောက်လာတာ သား ဖေယျာမင်းတောင် ကြီးတောင့်ကြီးမားဖြစ်နေပြီ။ ရှိတာလေးနဲ့ စားလိုက်၊ ပြတ်လပ်တဲ့ အခါ ချေးလိုက်ငှားလိုက် ရှာဖွေရုန်းကန်နေရတဲ့ ဒုက္ခတွေ ပင်လယ်ဝေနေတဲ့ မိန်းမကြီးတစ်ဦး။ အရင်တုန်းက ဒေါ်ထားဝင်းလဲ သိမ့်သိမ့်လို အထည်ချုပ်မှာ လုပ်ခဲ့ဖူးတယ်။ အိမ်ရာထဲမှာ အချို့ကလဲ ဒေါ်ထားဝင်းကို အပျိုကြီးလို့ စနောက်ခေါ်ကြတယ်။ သိမ့်သိမ့် ရောက်ခါစက ကုလားမ မိသန်းက 'အပျိုကြီးတစ်ယောက်တည်း ဘက်ပဲ့နေလို့ ကျွန်မ အနဲ တစ်ယောက်နဲ့ ချိတ်ပေးရမလား' ဆိုတော့ သိမ့်သိမ့် အားရပါးရ ရယ်မိဖူးတယ်။

'တော်သေးတယ်၊ သိမ့်သိမ့်တို့ အသားမည်းမည်း ဦးလေးတစ်ယောက် ရတော့မှာပါလားလို့' စတော့ 'ညည်းကိုလဲ ကုလားကုန်းက ဆာမိသားနဲ့ ငါချိတ်ပေးဖို့ ကြံနေတာ သိရဲ့လား မိသိမ့်'လို့ ပြန်စတယ်။ စတာတော့ အဒေါ်နဲ့ ကိုယ့်တူမ ဆိုတော့ နာစရာမရှိ။ ရယ်တောင် ရယ်မိသေးတယ်။ ဒါပေမဲ့ -

mgyoe.com

mgyoe.com SAMPLE BOOK

'အဲဒါတွေ မတွေးချင်သေးပါဘူး ထားထားရယ်'

စိတ်ထဲကပဲ အမှန်အတိုင်း သိမ့်သိမ့် ဝန်ခံရင်ဖွင့်ကြည့်တယ်။ တကယ်လဲ သိမ့်သိမ် စိတ်ကူးမရှိခဲ့တာ အမှန်ပါ။

လိုင်းခန်းဆိုပေမဲ့ ခြံတစ်ခြံမှာ နှစ်ခန်းတွဲ အဆောက်အအုံတစ်လုံး စီပဲရှိတယ်။ နေ့လယ်နေ့ခင်း စက်ရုံဆင်းသူတွေရော၊ ကျောင်းနေကလေးတွေရော ကျောင်းသွားပြီဆိုရင် အဘိုးကြီး၊ အဘွားကြီးတွေကလွဲလို့ ဘယ်သူမှ မရှိတာမို့ အထည်ချုပ်အိမ်ရာက တိတ်ဆိတ်အေးချမ်းလွန်းတယ်။ တိတ်ဆိတ်တာကို ကြိုက်တဲ့ ဘိုးဘွားတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ နေရာလေး။

သိမ့်သိမ့် ဒီလိုင်းခန်းကိုရောက်တာ သုံးလနီးပါးရှိခဲ့ပြီ ဆိုပေမဲ့ လက်ထဲမှာ စုဆောင်းထားတာ ဘာမှ မရှိ။ အိမ်ကို နည်းနည်း ပြန်ပို့တာနဲ့ လက်ထဲသုံးဖို့စွဲဖို့ ချန်တာနဲ့ဆို ရတဲ့လစာကြေးလေးက အလျဉ်မီရုံ ပြတ်လုနီးပါး။ နောက်လကစပြီး စုနိုင်မယ် ခန့်မှန်းထားတယ်။ ရွာက မိသားစုကို နောက်လလောက် လစာထုတ်ကာမှ ခေါ်ထားနိုင်မယ်။ အခုလကတော့ သူတစ်ယောက်တည်းတောင် ယက်ကန် ယက်ကန်နဲ့။ မိဘတွေကို အခုတော့ သိမ့်သိမ့် ကိုယ်ချင်းစာတတ်ပြီ။ ရုန်းကန်ရတာ တကယ်မလွယ်ဘူးလို့ အမေ ဆုံးမတုန်းက သိမ့်သိမ့် ပလစ်တတ်တတ် ပြန်ပြောမိခဲ့တယ်။ လူဆိုတာ ကိုယ်တွေ့ကြုံမှ ယုံတတ်ကြတဲ့အမျိုး မဟုတ်လား။

သိမ့်သိမ့် ကိုယ့်အတွေးနဲ့ကိုယ် သာယာနေတုန်း ဒေါ်ထားဝင်း ရောက်လာတယ်။

ဒေါ်ထားဝင်းက အထည်ချုပ်ကနေထွက်ပြီးတာ ကြာလှပြီမို့ စားဝတ်နေရေးအဆင်ပြေအောင် အထည်ချုပ်ဆည်ကြီးရဲ့ ဘေးနားက တရုတ်ဆောက်လုပ်ရေး လုပ်ငန်းခွင်ကြီးနားမှာ မုန့်၊ ကော်ဖီ၊ ကွမ်းယာဆိုင်အသေးလေးဖွင့်ဖို့ စီစဉ်နေကြောင်း သိမ့်သိမ့်ကို ပြောပြတယ်။

"သိမ့်သိမ့် ညည်း အလုပ်သိမ်းချိန်တို့၊ အလုပ်နားရက်တို့ဆို ထားထားကို ဝိုင်းကူပေးလေ"


mgyoe.com

mgyoe.com SAMPLE BOOK

ဒေါ်ထားဝင်းရဲ့စကားကို ကြားလိုက်ရတော့ သိမ့်သိမ့် ဇက်ကလေး ပုသွားကာ နားမလည်ဟန်နဲ့ –

"ဘာကိုတုံး ထားထားရဲ့"

"ဆည်ဘေးက ဆောက်လုပ်ရေး အလုပ်ဆိုက်နားမှာ ဆိုင်လေး တစ်ဆိုင်ဖွင့်ဖို့ စိတ်ကူးနေတာ၊ ဆောက်လုပ်ရေးရောဆိုတော့ အလုပ်သမား တွေရှိမှာပဲလေ၊ အဆင်ပြေရင် လပေး ထမင်းစားသမားလေးရလဲ မဆိုး လှပါဘူး၊ ရောင်းလို့ချလို့ ရတာလေးနဲ့ စားသောက်ကြမယ်၊ လကုန်တော့ ထမင်းစားသမားလခ တစ်လုံးတည်းပေးတော့ စုမိတာပေါ့၊ ဒါလဲ ချမ်းသာဖို့ သူဌေးဖြစ်ကြံတာ ဟုတ်ပါဘူးအေ၊ တို့သားမိတွေ အသက်ရှုချောင်ရင် တော်လှပါပြီ"

ဒေါ်ထားဝင်းက ပြောရင်း သက်ပြင်းချလိုက်သံကို သိမ့်သိမ့် ကြားလိုက်ရတယ်။ အဒေါ်ကို သိမ့်သိမ့် စွေကြည့်လိုက်မိတယ်။ လူကောင် က သေးသေးညှက်ညှက်၊ သက်ပြင်းလုံးချသံကြီးနဲ့ လိုက်ဖက်မှု မရှိလှ။ လူနဲ့စာရင် သက်ပြင်းချသံကြီးက ဆိတ်နဲ့ ဆင်လို ကွာခြားနေရောသလား ထင်ရတယ်။

"အင်းပါ ထားထားရယ်၊ သိမ့်သိမ့် ဝိုင်းကူပါ့မယ်၊ သိမ့်သိမ့်လဲ စဉ်းစားနေတာ၊ နောက်လ လစာထွက်ရင် အဖေရယ်၊ အမေရယ်၊ ကရင် လေးရယ်ကို ဒီကို လှမ်းခေါ်ထားမလားလို့"

သိမ့်သိမ့်ပြောလိုက်တဲ့ စကားကို ကြားလိုက်ရတော့ ဒေါ်ထားဝင်း ပျာပျာသလဲ စကားကို ပြန်ချေပတယ်။

"အမယ်လေး ငါ့တူမရယ်၊ ဒီမှာတောင် လူက များလှပြီ ထင်နေ တာပါအေ၊ နောက်လူတွေ မခေါ်ပါနဲ့အုံး၊ နောက်ဆုံး နေရေးစားရေး ငါ အရင် ပူရမှာမလေ၊ ငါ့ခေါင်းပေါ်ပဲ ပုံကျလာအုံးမှာပဲ၊ ညည်း ခေါ်ချင် ရင်တော့ ကရင်လေးကိုပဲခေါ်လေ၊ ကလေးကတော့ ညည်းအလုပ်သွားရင် ငါထိန်းနိုင်တယ်၊ ငါကျွေးနိုင်ပါတယ်အေ၊ ညည်းအဖေ ထင်းပေါက်ခကာ ညည်းအမေတစ်ယောက်စာ ရွာမှာ စားလို့ လောက်ပါတယ်၊ အမြဲတေရှိရာ


mgyoe.com

mgyoe.com SAMPLE BOOK

အမြုတေလာရင် တော်သေးအေ့၊ အခုက ဒုက္ခသည်ရှိရာ ဒုက္ခသည်တွေ လာစုသလို ဖြစ်နေတော့မှာ၊ အလည်လောက်တော့ ခေါ်ချင်ခေါ်ပေါ့"

ရွာမှာ ကျန်ခဲ့တာမှ သုံးယောက်။ တစ်ယောက်ပဲခေါ်ရမယ်ဆိုတော့ သိမ့်သိမ့် စိတ်မပျော်။ အထည်ချုပ်လိုင်းခန်းကို ခေါ်ထားဖို့အရေးကတော့ မပြယ့်တပြယ် ရှိလှပြီ။ အဒေါ်ရဲ့ စကားကို တွန်းလှန်ကန်ပြောနေလို့လဲ မဖြစ်သေးမှန်းသိတယ်။ အတူနေနေရတာက အဒေါ်ရဲ့ လိုင်းခန်းဆိုတော့ မရမက ပုန်ကန်ပြောဆိုဖို့ သိမ့်သိမ့် မတွေးရဲ။

"အင်းပါ ထားထားရယ်၊ သူတို့ လာချင်ရင် အလည်တော့ လာပါစေပေါ့၊ လာရင် ကရင်လေးကို သိမ့်သိမ့် ခေါ်ထားလိုက်မယ်လေ၊ ကလေးချင်းဆိုတော့ ထားထားရဲ့ သားလဲ အဖော်ရတာပေါ့"

ကလေးနှစ်ယောက်ဆိုပေမဲ့ ဇေယျာမင်းက ရှစ်တန်းအရွယ်၊ ကရင်လေးက မူကြိုတက်မဲ့အရွယ်။ အသက်က ခုနစ်နှစ်ကွာတယ်။

မိဘတွေကို ခေါ်ထားမဲ့ အိပ်မက်အစီအစဉ်က ဒေါ်ထားဝင်းရဲ့ ကန့်ကွက်မှုကြောင့် ပျက်စီးသွားတယ်။ မိဘတွေကိုလဲ ခေါ်ထားချင်တယ်။ အဒေါ်ကိုလဲ မဆန့်ကျင်ရဲတာမို့ သိမ့်သိမ့် လက်မှိုင်ချကာ အခန်းရှေ့ ရေကပြင်မှာပဲ ခြံရှေ့က အုပ်မှိုင်းနေတဲ့ ဗာဒံပင်ကို ငေးကြည့်ရင်း တွေးမိ တွေးရာ တွေးနေတာ အလုပ်က ပြန်လာကတည်းကနေ အခုထိ။

ဘုရားဆွမ်းတော်စွန့်ပြီး တင်ကျွေးထားတဲ့ ခြံအစပ်နားက စင်ပေါ်မှာ ခိုနှစ်ကောင် အစာလုစားရင်း တကျွီကျွီ အော်ညည်း ရန်ဖြစ်နေတယ်။ ကြည့်နေရင်း သိမ့်သိမ့် တစ်ခု တွေးမိတယ်။ ဝမ်းရေးအတွက် လူတွေ သာမက တိရစ္ဆာန်တွေလဲ ဖြေရှင်းရတာ မလွယ်ကြောင်းကို ...။

◆

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [ ၃ ]

အထည်ချုပ်ဆည်ကြီး ကျယ်ဝန်းလှပုံက တစ်မျှော်တစ်ခေါ်။

သည်ဆည်ကြီး နံဘေးနားက မြေကုန်းမို့မို့လေးပေါ်မှာ အရင်က ဆည်စောင့်ကြီး နေခဲ့ဖူးတဲ့ တဲလေး ရှိတယ်။ ဖြစ်သလိုလေး ဆိုပေမဲ့ ခပ်တောင့်တောင့်ကလေး။ တဲက သွပ်မိုးထားပြီး သွပ်ပြားအဟောင်းတွေ ဘေးက ပတ်လည်ပြန်ကာရံထားတယ်။ ဆည်စောင့်တဲက လူမနေတော့ အမိုးနဲ့အကာ သွပ်ချပ်တွေက သံချေးအလိမ်းလိမ်းထနေလို့ လူအိုရုပ်ပေါက်နေသလို ထင်ရတယ်။

မြေကုန်းမို့မို့လေးပေါ်မှာ အကွက်အကွင်း ခပ်ကျယ်ကျယ်လေးမို့ ခြံဝိုင်းလေးလို ဖြစ်နေတယ်။ တဲလေးရဲ့ ရှေ့မျက်နှာစာမှာ မလေးရှား ပိတောက်ပင်ကြီးက ထီးထီးကြီး။ ဆည်စောင့်ကြီး နေခဲ့ဖူးတာမို့ မြေကုန်းလေးဟာ ပြောင်ရှင်းနေပြီး တဲရှေ့မျက်နှာစာတစ်ပြင်လုံး မျက်စိထဲ ကြည့်ရတာ ပသာဒတော့ ကျတယ်။

ဒီနေရာလေးကို ဒေါ်ထားဝင်း သဘောတွေ့ပြီး ဆိုင်သေးလေး တစ်ဆိုင်ဖွင့်ဖို့ ရွေးချယ်လိုက်တာ။ ဆည်ပိုင်လူကြီးဆီက ဈေးရောင်းဖို့ နေရာတစ်နေရာလောက် ခွင့်ပြုပါလို့ နှုတ်နဲ့ပဲ ခွင့်တောင်းထားတယ်။ ဆည်ပိုင်လူကြီးဆီမှာ နှုတ်နဲ့ ခွင့်တောင်းထားတာမို့ ဆည်စောင့်လောက်တော့ ခွင့်တောင်းစရာမလိုဘူးလို့ ဒေါ်ထားဝင်း တွေးကာ ကိုယ်အဆင်ပြေမယ် ထင်တဲ့ နေရာကို ရွေးချယ်ပြီး ဆိုင်တည်ထားတာ။ လူမနေတဲ့ ဆည်စောင့်


mgyoe.com

mgyoe.com SAMPLE BOOK

တဲကို အသုံးမပြုဘဲ တဲရှေ့က မလေးရှားပိတောက်ပင်ကြီးအရိပ်ကို ခိုကာ ဆိုင်ဖွင့်ဖို့ ပြင်ဆင်တယ်။

ရွေးထားတဲ့ နေရာလေးက အတော်ဟန်ကျတယ်။ ဒေါ်ထားဝင်းရဲ့ ဆိုင်မျက်နှာစာ တစ်ဖက်ခြမ်းက ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကွက်ကြီး ရှိနေလို့ပဲ။ အဲဒီ လုပ်ကွက်ထဲမှာပဲ ဒေါ်ထားဝင်းဆိုင်နဲ့ မနီးမဝေးလောက် တစ်နေရာမှာ ယာဉ်ယန္တရားကုမ္ပဏီက စက်မောင်းသမား မိသားစုလေး တွေနေဖို့ ကုမ္ပဏီက ဆောက်လုပ်ပေးထားတဲ့ လိုင်းခန်းကြီးရှိတယ်။ ဒီလိုင်း ခန်းက အလုပ်သမားတွေနဲ့ ဆောက်လုပ်ရေးကွင်းထဲက အင်ဂျင်နီယာတွေ အပါအဝင် ဒီနယ်ပယ်နားတစ်ဝိုက် ဖြတ်သွား ဖြတ်လာ လုပ်သူတွေကို အားကိုးပြီး ဒေါ်ထားဝင်း ဈေးရောင်းရမှာ။

ဈေးဆိုင်စဖွင့်တော့ ဖြစ်သလို ကုန်ပစ္စည်းခပ်ပါးပါးလေးနဲ့ပဲ စဖွင့် လိုက်တယ်။ ကွမ်းယာ၊ ဆေးလိပ်၊ အအေးအစုံ၊ ကော်ဖီထုပ်လေးတွေက ကျိုးတိုးကျဲတဲနဲ့။ အအေးတွေ အေးဖို့ သန်လျင်ဘုရားကုန်းဈေးကို နေ့စဉ် ရေခဲတုံးမှာပြီး စိမ်ထားရတယ်။ နောက်ကျမှ လက်ဖက်သုပ်၊ ချင်းသုပ် လက်သုပ်လေးတွေ ထပ်တိုးချဲ့ဖို့ ဒေါ်ထားဝင်း စိတ်ကူးထားတယ်။ ဖွင့်တယ် ဆိုရုံမျှနဲ့ မပြီးသေး။ ဒီလိုင်းခန်းက အလုပ်သမားတွေနဲ့ ရင်းနှီးအောင် ပေါင်းရလိမ့်မယ်။ ဈေးဝယ်တဲ့အခါ နောက်မှ ပေါင်းယူပါ ဆိုတာတွေကို ကြုံတွေ့လာခဲ့ရင် ဒေါ်ထားဝင်း ရင်ဆိုင်ဖို့ အသင့်။

အလုပ်သမားလိုင်းခန်းမှာ နေကြတာက လူပျိုတွေရော အိမ်ထောင် သည်တွေရော ပါတယ်။ မိသားစုနဲ့ အိမ်ထောင်သည်တွေက တစ်ခန်း သီးသန့်။ လူပျိုတွေက နှစ်ယောက်တစ်ခန်း။ မိသားစုလိုက် နေသူတွေက တော့ ကိုယ့်စားအိုးစားခွက်နဲ့ ချက်ပြုတ်စားကြပေမဲ့ လူပျိုလူလွတ်တွေ ကတော့ အိမ်ထောင်သည်လိုင်းခန်း နေသူတွေဆီမှာ လပေး ထမင်းစား ဖြေရှင်းကြရတယ်။ လခစားအလုပ်သမားတွေဆိုတော့ ဝင်ငွေက သုံးရဖြုန်း ရတာနဲ့ ကျန်တယ် မရှိကြ။ လခထုတ်လို့ ငွေမကျန်တဲ့အခါဆိုရင် ကုမ္ပဏီက လူကြီးတွေ မသိအောင် နာရီပိုစက်ဆီ ဖောက်ရောင်းတဲ့အခါမှ ယူပါဆိုပြီး

mgyoe.com SAMPLE BOOK

ချွေးသိပ်တတ်ကြသေးတယ်။ ဒေါ်ထားဝင်း မုန့်ဆိုင်လေးဖွင့်မယ်ဆိုတော့ လိုင်းခန်းက လူတွေအားလုံး အဝေးကြီး ထွက်ဝယ်စရာ မလိုတော့တာမို့ ပျော်ရွှင်နေကြတယ်။

ဒေါ်ထားဝင်း ဆိုင်ဖွင့်ပြီး နှစ်ရက်လောက်နေတော့ ဒီလိုင်းခန်းက လူတွေကို ကွမ်းယာလှိုင်လှိုင် စရောင်းနေရပြီ။ ဆိုင်ကို ရောက်ဖို့ အလုပ်သမားတွေက ဆောက်လုပ်ရေးလုပ်ငန်းဘက်က ခြံကာရံထားတဲ့ သွပ်ဆူးကြိုး သုံးချောင်းတန်းကို ကျော်ခွပြီး ဖြတ်လာမှ ရောက်တယ်။ နေ့လယ် အရမ်းပူချိန်ဆို အအေးတန် အအေး၊ အပူတန်အပူ။ အပူသမားကလဲ အပူနဲ့ မပြီးဘဲ ကော်ဖီပါမှ၊ မုန့်လေးပါမှ ကောင်းတာဆိုလို့ ဒေါ်ထားဝင်းအတွက် အလုပ်က ပိုဖြစ်နေတယ်။ ဆိုင်စဖွင့်ခါစဆိုတော့ တစ်ခါတလေ ကွမ်းယာထုံးပေါက်လို့ ရောင်းသူ၊ ဝယ်သူ ရယ်စရာတွေ ဖြစ်ကာ ပွဲကျတဲ့အခါ ကျလို့။

တစ်ပတ်လောက်နေတော့ အလုပ်သမားလိုင်းခန်းက အသားကကျွဲအရေ၊ မျက်နှာက ကန္တာရအရွယ်အစားလောက် ရှိတဲ့ မျက်နှာကြီးမျိုး၊ ဂင်တိုတို၊ ပုကွကွ ဇော်ဝင်းဆိုသူ ဒေါ်ထားဝင်းဆိုင်ကို ရောက်ချလာတယ်။ လူပုံက မှုန်ကုပ်ကုပ် ခပ်တည်တည်။ လူလွတ်ဆိုတော့ သူ ထမင်းလခပေးစားတဲ့ အိမ်ထောင်သည်လင်မယားနဲ့ ပြဿနာတွေတက်ပုံက ပတ်ဝန်းကျင်ကို သတင်းပြန့်တဲ့အထိ အကြီးအကျယ်တက်ကြကြောင်း ဒေါ်ထားဝင်းကို စကားစမိရင်း ပြောပြဖြစ်တယ်။ ပတ်ဝန်းကျင်ကို သတင်းပြန့်တယ်သာဆိုတာ ဒေါ်ထားဝင်းက သူပြောပြမှပဲ သိရတာ။

"အန်တီထားရယ်၊ ကျွန်တော်က ကြုံရာ ကျပန်းသမားပါ၊ ကြက်သားတွေ၊ ဝက်သားတွေချက်မှ မဟုတ်ပါဘူး။ ချက်ချင်ရာသာချက် နေ့တိုင်း ကန်စွန်းရွက်ပဲ ကြော်ကြော် မပြောလိုပါဘူး၊ ထမင်းလေးတော့ ပိုချက်ပါ၊ ကျွန်တော်တို့က အလုပ်ကြမ်းသမားဆိုတော့ ဆာဆာနဲ့ များများ စားတတ်လို့ပါ၊ လခလဲ သူတို့ တိုးမတောင်းပေမဲ့ လတိုင်း ကျွန်တော် ပိုပေးပါတယ်ဗျာ၊ ဒါကို ပွစိ ပွစိနဲ့၊ အန်တီထား စဉ်းစားကြည့်၊ ကျွန်တော်


mgyoe.com

mgyoe.com SAMPLE BOOK

အလကားစားတာ မဟုတ်ဘူးဗျာ၊ ပြဿနာဖြစ်တဲ့ ညက စိတ်တိုတိုနဲ့ ထမင်းပန်းကန်တွေပါ ကိုင်ပေါက်ခွဲပစ်လိုက်တယ်"

ဇော်ဝင်းက စိတ်ထဲ မကျေနပ်သမျှကို လုံးစေ့ပတ်စေ့ ခရေစေ့တွင်းကျ ဒေါ်ထားဝင်းကို ပြောပြတယ်။ ရခိုင်တိုင်းရင်းသားဆိုတော့ စကားသံကို ဒေါ်ထားဝင်း မနည်းနားထောင်ရတယ်။ လိုင်းခန်းက ပြဿနာဆိုတော့ ဒေါ်ထားဝင်းက ဖြေရှင်းပေးလို့ မရတဲ့အခါ ဇော်ဝင်းပြောတာကိုပဲ တာဝန်ကျေကျေ နားစိုက်ထောင်ပေးလိုက်တယ်။

ဆိုင်ဖွင့်ပြီး မကြာခင်မှာပဲ လိုင်းခန်းတစ်လိုင်းလုံးက ကလေးအစ ခွေးအဆုံး ဒေါ်ထားဝင်းနဲ့ မသိသူ မရှိ။ ရယ်လိုက်မောလိုက် စလိုက်နောက်လိုက်။ ဇော်ဝင်းက သိပ်မကြာခင်မှာပဲ ဒေါ်ထားဝင်းဆိုင်မှာ ထမင်းလခပေးစားဖို့ အကြောင်းကံသင့်လာတယ်။

"ဒါဆို ဇော်ဝင်း၊ နင် ထမင်းကို ဘယ်မှာ စားမှာလဲဟဲ့"

ပြဿနာဖြစ်နေချိန်တွေ စဉ်းစားမနေဘဲ ဒေါ်ထားဝင်းက လွှတ်ခနဲ မေးချလိုက်တယ်။

"လောလောဆယ်တော့ ဘုံပျောက်နေတယ်ပေါ့ဗျာ၊ ရပါတယ်ဗျာ၊ တစ်ယောက်တည်းသမားပဲ ဖြစ်သလိုပေါ့၊ ကုလားကုန်း အော်ကုလားအရက်ဆိုင်က အရက်ကလေးသောက်ရင်း ထမင်းတောင်းစားတာပေါ့ဗျာ၊ ကျွန်တော် သွားပြီး သောက်ပါများလို့ ကုလားဆိုင်က အဘိုးကြီးကအစ သူ့မြေးတွေအဆုံး ကျွန်တော်နဲ့ မသိတဲ့သူ မရှိဘူးလေ ဟဲ ဟဲ"

ညက ရန်ဖြစ် စကားများထားတာ မကြာသေးတဲ့ ဇော်ဝင်းက ဒေါ်ထားဝင်းကို ပြန်ပြောပြနေပုံမှာ စပ်ဖြဲဖြဲနဲ့။

ဒေါ်ထားဝင်းက သူ ကြံထားတဲ့ အကွက်ထဲဝင်လာပြီ ဆိုတာ သိလိုက်တယ်။ ဈေးရောင်းရတာကို ကိုယ်လဲ စား၊ ဈေးအသစ်လဲတင်၊ လခပေးသမားရော တစ်နေ့ ရောင်းရသမျှထဲက စားကြမယ်။ နေ့စဉ် မစုမိပေမဲ့ လကုန်ရင် လပေးသမားဆီက လုံးခနဲ ပေးတဲ့အခါ အမြတ်အသားတင်ကျန်မယ်ဆိုတော့ စုဖြစ်သလိုဖြစ်မယ်လို့ ကြိုတွက်ထားပြီးသား။


mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဆို ငါ့ဆီမှာ စားမလား၊ တစ်နေ့ တစ်မျိုး မရိုးအောင် ချက်ကျွေးမယ်၊ နေ့တိုင်း အသားဟင်းတော့ မဟုတ်ဘူးပေါ့ဟယ်၊ နင့် ဘာသာလဲ တစ်ခါတလေ ချက်စားချင်ရင်လဲ ချက်စားပေါ့၊ မိသားစု စားသလိုပေါ့ဟယ်၊ ဘယ်လိုလဲ"

ဒေါ်ထားဝင်း အမေးကြောင့် ဇော်ဝင်းမျက်နှာ အပြုံးရိပ်ယှက် ပြေးသွားတယ်။ ကုလားကုန်းထိအောင် သွားစားရမဲ့အစား ဒေါ်ထားဝင်း ဆိုင်က ပိုနီးလို့ အဆင်ပြေတယ်။

ရေကြောင်းတက္ကသိုလ်ဘက်၊ သီလဝါနယ်ဘက်ခြမ်းဆိုတော့ သွားရလာရတာ ဟိုနား ဒီနား အလှမ်းဝေးလို့ ဆိုင်ကယ်လေးရှိမှ အဆင်ပြေကြတယ်။ အလုပ်သမားလိုင်းခန်းမှာက ဦးစိုးနိုင်နဲ့ မောင်ထွေးတို့ နှစ်ဦးပဲ ဆိုင်ကယ်ရှိကြတယ်။ သွားခါနီးဆို ဆီထည့်မယ်ဆိုပြီး ငှားရတယ်။ ငှားသာ ငှားရတာ ဆိုင်ကယ်နှစ်စီးက ချာလပတ်ယမ်းကာ နားရတယ် မရှိ။ အခုတော့ ဒေါ်ထားဝင်းဆိုင်လေး ရှိနေတာမို့ ဆိုင်ကယ်လဲ မငှား ရတော့။

"ကျွန်တော့်အတွက် အဆင်ပြေပါတယ်၊ အန်တီထားတို့အတွက် ကိုက်အောင်သာ ကျွန်တော့်ဆီ လခတောင်းနော်၊ ဘာမှ အားနာစရာမလို ဘူး၊ အလုပ်သဘောပဲလေ၊ တစ်နပ်စာချင်း ယူမယ်ဆိုလဲ အဆင်ပြေ တယ်၊ ကျွန်တော်လဲ ကုလားကုန်းထိ မသွားရတော့ သက်သာတာပေါ့ဗျာ"

လခပေး ထမင်းစားသမားတစ်ယောက်ကတော့ ဒေါ်ထားဝင်းပိုင် ပြီလို့ ကျိန်းသေကမ္ဗ တွက်လိုက်တော့တယ်။ အလုပ်လေးတစ်ခုတည့်လို့ ဒေါ်ထားဝင်း ဆန္ဒလေးတွေ ပြည့်ဝသလို ရှိသွားတယ်။ ထိုင်နေတာထက် ထသွားတာ ပိုကောင်းသေးတယ်။ ထသွားလို့ မကျိုးအောင်တော့ ဂရုစိုက် ရမယ်။ သူများအလုပ် လခစား အချိန်အကန့်အသတ်နဲ့ လုပ်နေရတာထက် ကိုယ်ပိုင်အလုပ်လေးတစ်ခုကို လုပ်ကိုင်ပြီး ရသလောက်နဲ့ ကျေနပ်တင်းတိမ် နိုင်ဖို့ဆိုတာလဲ ကျောထောက်နောက်ခံမရှိတဲ့ မိန်းမသားကြီးတစ်ယောက် အတွက် တွေးကြည့်တာတောင် ပင်ပန်းရတယ်။


mgyoe.com

mgyoe.com

လုပ်ငန်းခွင်ဘေးနားမှာ မုန့်ဆိုင်လေးရှိတော့ နေ့လယ်ခင်း အမော ပြေနားသူတွေအတွက် ဒေါ်ထားဝင်းဆိုင်က ရွှေမန်းတောင်ရိပ်ခိုရသလိုမျိုး ဟန်ကျလှတယ်။ တချို့နေ့တွေဆို လူပါးပြီး တချို့နေ့တွေမှာ အုံကျလာတတ်တယ်။ နားနေရာတစ်ခုအဖြစ်နဲ့ နေ့လယ်နေ့ခင်းဆို သစ်ပင်ရိပ်လာခိုသူတွေ၊ အပျင်းပြေစကားလာပြောသူတွေနဲ့ ဒေါ်ထားဝင်းဆိုင်က စည်ကားနေတယ်။ နေ့လယ်ခင်း သူတို့ထမင်းချိုင့်နဲ့ သူတို့ ဆိုင်မှာ လာစားကြတယ်ဆိုပေမဲ့ ဟင်းမလောက်တဲ့အခါ လက်ဖက်သုပ်ကလေး တစ်ပွဲတလေ ပိုရောင်း လိုက်ရပြန်သေးတယ်။ စားပြီးတော့လဲ ဆေးလိပ်၊ ကွမ်းယာ၊ ကော်ဖီတွေနဲ့ ဇိမ်ခံနှပ်တတ်ကြတယ်။

ညနေစောင်းရင်တော့ သိမ့်သိမ့်တစ်ယောက် အထည်ချုပ်အလုပ် ဆင်းချိန် ဆိုင်ကိုရောက်လာတတ်တယ်။ ရောက်တာနဲ့ ကော်ဖီသောက်သမား တွေ သောက်ထားတဲ့ ပန်းကန်လုံးတွေ ကူဆေးပေးတယ်။ ကွမ်းယာသမား အဝယ်လာလဲ ကွမ်းယာပစ္စည်းတွေ မသိမ်းရသေးခင် မယာတတ် ယာတတ် ကူယာပေးတယ်။

“ဇော်ဝင်းရေ၊ ဦးစိုးနိုင်တို့၊ ကိုဖိုးနီတို့ကို ကွမ်းယာထုပ်ထားပေး ရမလားလို့၊ ငါတို့ ဆိုင်သိမ်းတော့မှာမို့လေ၊ မေးပေးစမ်းပါဟဲ့”

လိုင်းခန်းကလူတွေက ဆိုင်သိမ်းခါနီးဆိုရင် ညစာ ကွမ်းယာထုပ် ထားတတ်ကြလို့ ပိတ်ခါနီး လာမဝယ်သေးရင် လှမ်းသတိပေးရတဲ့အခါ လဲ ရှိတယ်။ ဆိုင်နေရာနဲ့ ဒေါ်ထားဝင်းတို့နေတဲ့ အထည်ချုပ်အိမ်ရာ လိုင်းခန်းက မလှမ်းမကမ်းလေးဝေးသမို့ လုံးဝ မမှောင်ခင်တော့ ဆိုင်ကို ကြိုပိတ်ကာ ပြန်ကြရတယ်။

ညနေတိုင်း အိမ်ပြန်ရင် ဒေါ်ထားဝင်းနဲ့ အလုပ်သိမ်းမှ လာဝိုင်း ကူတဲ့ သိမ့်သိမ့်ရောဆို နှစ်ယောက်ပဲ။ တစ်ခါတလေ သားနဲ့ဆို သုံးယောက်။

◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [ ၄ ]

နေ့တိုင်းလိုလို ဒေါ်ထားဝင်းဆိုင်လေးက အတော်လေးကို ရောင်းနေရတယ်။ လူက ရှိတာမှ နှစ်ယောက်တစ်ပိုင်းနဲ့ ဈေးရောင်းရတာတစ်ဖက်၊ လခစားထမင်းစားသမားအတွက် ချက်ရပြုတ်ရနဲ့ မနိုင်မနင်းတောင် ဖြစ်ရတယ်။

ညနေ အလုပ်ဆင်းတိုင်း တူမ လာလာကူပေးနေလို့ ဒေါ်ထားဝင်း သက်သာရာရနေတယ်။ ထမင်းစားသမား ရှိနေတာမို့ ညနေစာ ခပ်စောစော လေး ချက်ထားမှ အဆင်ပြေမှာကို ဒေါ်ထားဝင်း တွေးကာ နေ့လယ် နေ့ခင်းဆို ကြိုစီစဉ်ထားတတ်တယ်။

ထမင်းစားသမားကတော့ ဖော်ဝင်းတစ်ယောက်ပဲ ရှိသေးတယ်။ နောက်ထပ် နှစ်ယောက်၊ သုံးယောက်လောက် ရလိုက်ရင်တော့ ဒေါ်ထားဝင်း တွက်ခြေပိုကိုက်မယ် မှန်းတယ်။ ဖော်ဝင်းက သူ့လိုပဲ လိုင်းခန်းနေတစ်ဦးကို ဒေါ်ထားဝင်းဆီမှာ လပေးစားဖို့ မိတ်ဆက်ပေးထားတယ်လို့ ပြောတော့ ဒေါ်ထားဝင်းခမျာ အပြုံးပန်းတွေဆင်လို့။

ဈေးဆိုင်ဆိုပေမဲ့ ဆိုင်ကြီးကနားကြီးတော့ မဟုတ်။ မသေမသပ် လက်ဖြစ်ကလေး ရိုက်လုပ်ထားတဲ့ စားပွဲခပ်ကြီးကြီး အပေါ်မှာပဲ ကွမ်းယာ ပစ္စည်းတွေနဲ့ အသုပ်ပန်းကန်၊ ကော်ဖီပန်းကန်လုံးတွေ တင်ထားတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

မုန့်တွေ၊ ကော်ဖီတွေကိုတော့ ရှေ့မှာ တန်းလေးတစ်တန်းလုပ်ပြီး တွဲရရွဲ ချိတ်ထားတယ်။ နေအရမ်းပူရင်တော့ အအေးတွေ အရောင်းသွက်ပြီး တချို့ဈေးဝယ်တွေက အပူကို အပူနဲ့ဖြိုက်မှ ရင်အေးတာလို့ဆိုကာ ကော်ဖီ သောက်မှ သောက်ချင်သူတွေလဲ ရှိတယ်။

ကြာလာတာနဲ့အမျှ ဆောက်လုပ်ရေးက အင်ဂျင်နီယာတွေ၊ စာရင်း ကိုင်တွေ၊ တိုင်းရေးထွာရေးသမားတွေရော၊ ကုမ္ပဏီလိုင်းခန်းက လူတွေရော ဒေါ်ထားဝင်းနဲ့ မသိသူမရှိ။ ပြောမနာ ဆိုမနာ အဆင့်တွေတောင် ရောက်လို့ ပေါက်လို့။

ညနေ နေလေးက မကျတကျ။

ပူတာတော့ ပူသေးတယ်။ နေ့လယ်က ပူထားတဲ့ အပူရှိန်ဟာ နေကျချိန်နီးတာတောင်မှ မပြယ်လှသေး။

"ထားထား"

သိမ့်သိမ့်က နောက်ကနေ မသိမသာ ခုန်အုပ်ကာ လှန့်လိုက်တယ်။

"ဟဲ့တော့ မိသိမ့်၊ ငါ့တူမ မသာမ လန့်လိုက်တာအေ"

အဒေါ် လန့်ဖျပ်သွားပုံကို ကြည့်ပြီး သိမ့်သိမ့်က ဟက်ဟက် ပက်ပက် ရယ်မောလိုက်တယ်။

"အလုပ်ဆင်း စောလှချေလား"

"ထင်လို့ပါ ထားထားရယ်၊ အချိန်လဲ ကြည့်အုံး၊ ကိုယ့်ဘာသာ စီးပွားရေးတွေ သောင်းကျန်းနေပြီး အချိန်တောင် ဘယ်ချိန်ရှိမှန်း မသိတော့ ဘူး မဟုတ်လား၊ ဒါမို့ ထားထား နောက်တစ်ယောက် မရတာမှတ်"

သိမ့်သိမ့်က ခပ်ဆက်ဆက်လေးရယ်ရင်း ဘုတောပြောလိုက် တယ်။

"နောက်တစ်ယောက်ကတော့ တော်ပါအေ၊ အလုပ်က လုံးလည် ချာလည်လိုက်နေတာနဲ့ အချိန်ကုန်တာတောင် မသိသာတော့ပါဘူး၊ ထမင်း ဝိုင်းလေး ပြင်ပေးစမ်းပါဟဲ့၊ ငါ့ဆီ လပေးစားသမားက များများစားစား တစ်ယောက်ရှိတာ၊ အဲ့တစ်ယောက် ခဏနေ လာစားလိမ့်မယ်"


mgyoe.com

mgyoe.com SAMPLE BOOK

ဒေါ်ထားဝင်းက ပြုံးဖြဲဖြဲနဲ့ ပြောလိုက်တယ်။ ပြောရင်းနဲ့ တိုက်လက်စ မဲသဲနေတဲ့အိုးကို ဆက်တိုက်နေတယ်။ သိမ့်သိမ့်က ဒေါ်ထားဝင်းပြောတဲ့ ထမင်းစားသမား များများစားစားတစ်ယောက်ဆိုတာကို သဘောကျရယ်ရင်း ထမင်းဝိုင်းထပြင် ကူလိုက်တယ်။

သိပ်မကြာခင်မှာ ဇော်ဝင်း ရောက်လာတယ်။ တစ်ကိုယ်လုံးစက်ဆီတွေ၊ အမဲဆီတွေနဲ့ ပေလူးနေတော့ သိမ့်သိမ့် နှာခေါင်းရှုံ့မိလိုက်တယ်။ သိမ့်သိမ့်က ဇော်ဝင်းကို ခေါင်းစခြေဆုံးကြည့်လိုက်ပြီး ကုမ္ပဏီတစ်ခုက လက်တိုလက်တောင်း ခိုင်းတဲ့သူလို့ မှတ်ထင်လိုက်တယ်။ ဇော်ဝင်းရဲ့ ပြောပုံဆိုပုံတွေကို ကြည့်ပြီး ဘာတိုင်းရင်းသားလဲလို့ ဒေါ်ထားဝင်းကို သိမ့်သိမ့် တီးတိုးကပ်ပြီး မေးကြည့်တယ်။ အသံကခပ်အောအောနဲ့မို့ အရင်က ရခိုင်တိုင်းရင်းသားလို့တော့ စကားစပ်မိလို့ပြောပြဖူးကြောင်း သိမ့်သိမ့်ကို ဒေါ်ထားဝင်း ပြောပြတယ်။ လူက ပုကွကွနဲ့ လူ့ကန့်လန့်များ ဖြစ်နေမလားလို့ သိမ့်သိမ့်တွေးရင်း မဲ့ပြုံးပြုံးမိလိုက်တယ်။ ရောက်လာကတည်းက ရင်းနှီးနေကျ သူစိမ်းတစ်ရုံဆံဖြစ်တဲ့ သိမ့်သိမ့်ရှိနေလို့ အရင်နေ့တွေကလို ဒေါ်ထားဝင်းကိုတောင် စနောက်မနေဘဲ ဇော်ဝင်းက ခပ်မှန်မှန် နေနေတယ်။

"အန်တီထား၊ ထမင်းဆွဲလို့ ရပြီလား"

ဇော်ဝင်း အမေးကို ထည့်နေတာ မြင်လျက်သားနဲ့ လျှာရှည်ပြီး မေးနေတယ်ဆိုတဲ့အကြည့်နဲ့ မျက်စောင်းခဲပြီး သိမ့်သိမ့် စွေကြည့်လိုက်တယ်။

"ရပါပြီဟယ် ကြာပေါ့၊ နင်လာတော့မှာ ငါထင်လို့ ငါ့တူမကို နှုးခိုင်းထားတယ်၊ ငါက နင်အရင်စားခဲ့ဖူးတဲ့ လူမျိုးလိုမဟုတ်ပါဘူးနော်"

အိုးတိုက်နေရင်း ခါးကြောဆန့်ကာ ရယ်ရယ်မောမောနဲ့ ဒေါ်ထားဝင်း လှမ်းပြောလိုက်တယ်


mgyoe.com

"အန်တီထား နိုင်ငံရေးတွေ မပြောစမ်းပါနဲ့ဗျာ၊ ဒါတွေပြောရင် ဒေါ်တွေပါလွန်းလို့ ထမင်းမဝတဝ စားခဲ့ရတဲ့ ရက်တွေကို ပြန်တွေးရင် ဒင်းတို့လင်မယားကို အမုန်းခြေပစ်ချင်စိတ်တွေ ပေါ်လာရော"

ဇော်ဝင်းက ပြောရင်း အသံအရှိန်က မြင့်တက်လာတယ်။ သူသာ တကယ်လုပ်လိုက်ရင် အရင် လပေး ထမင်းစားခဲ့ဖူးတဲ့ လိုင်းခန်းက လင်မယား အမုန်းဖြစ်လောက်မှာ ကျိန်းသေတယ်။ ဇော်ဝင်းနဲ့ ဒေါ်ထားဝင်း ကတော့ စကားတွေဖောင်ဖွဲ့ကာ ရွှန်းရွှန်းဝေနေတယ်။ ဇော်ဝင်းစကားကို ကြားရတော့ ခုနတွေးခဲ့တဲ့ လူ့ခွစာ လူကန့်လန့်ဆိုတဲ့စကားကို တွေးမိရင်း သိမ့်သိမ့် ကြောက်ရွံ့စိတ်လေး ပေါ်မိသွားတာ အမှန်။

"ဇော်ဝင်း ငါ့မောင် အဝစားနော်၊ ကုန်ရင် ငါထပ်ချက်ပါ့မယ် ဟယ်၊ မလျှာတတ် ဈေးရောင်းတဲ့ဟဲ့ စားစား"

"စိတ်ချ စားမှာ အန်တီထား၊ အဝတီးမှာ ဟဲဟဲ"

ဇော်ဝင်းစားနေတုန်း အရည်သောက်လေးကုန်ရင် အဒေါ်ဖြစ်သူ မအားလို့ သိမ့်သိမ့်က ထပ်ဖြည့်ပေးရတယ်။ ထမင်းသာ စားနေရတာ ဇော်ဝင်းမျက်လုံးက သိမ့်သိမ့်ဆီက မခွာ။ ဟင်းလိုက်ပွဲ ဖြည့်နေချိန်ဆို လှန်လှန်ကြည့်တဲ့ မျက်လုံးကြီးက မျက်ဖြူလန်ပြီး ကြောက်စရာအလွန် ကောင်းနေရောပဲလို့ထင်ပြီး သိမ့်သိမ့် ကြောက်စိတ်တောင် ဝင်မိသွားတယ်။ ဇော်ဝင်းရဲ့ အကြည့်ကို ဒေါ်ထားဝင်း ပန်းကန်တွေ ဆေးနေရာကနေ လှမ်းကြည့်ပြီး သတိထားမိလိုက်တယ်။ ဟင်းထပ်ဖြည့် ထည့်ပေးချိန်ဆို မျက်လုံးက စုံထောက်မျက်စိပမာ သွားလေရာပါတဲ့ မျက်ရှင်မျိုး။ အရမ်း လျှင်ပါတယ်ဆိုတဲ့ စောရမျက်စိမျိုးပင်။ ဒေါ်ထားဝင်းကတော့ ဇော်ဝင်းရဲ့ ပြုမူပုံကို နာမပညတ်ပေးလိုက်တာက အချစ်သူခိုး။ သူ့တူမရဲ့အချစ်ကို ခိုးတော့မယ်ဆိုတာ လူငယ်ဘဝ၊ လူကြီးဘဝ၊ အိမ်ထောင်သည်ဘဝ၊ အိမ်ထောင်ပျက်ဘဝတွေကို အဆင့်ဆင့်ကျော်ဖြတ်လာတဲ့သူမို့ ခြေလှမ်းတွေ ဘယ်လိုလှမ်းရင် ဘယ်နေရာမှာဆုံးမယ်၊ ဘယ်ပန်းတိုင်ဆိုက်မယ် ဆိုတာ တွေကို ကြိုမြင်ထားတယ်။

mgyoe.com SAMPLE BOOK

“သိမ့်သိမ့်က ဘယ်သူတုံး အန်တီထား၊ ဆိုင်စဖွင့်တော့ ကျွန်တော် ကွမ်းယာ လာလာဝယ်နေတာ မတွေ့ပါဘူး”

ဘာစိတ်ကူးပေါက်လို့ မေးတယ် မသိ။ ဇော်ဝင်းရဲ့ အမေးကို ဒေါ်ထားဝင်း ရယ်ချင်ချင်ဖြစ်သွားတယ်။ သိမ့်သိမ့် မရှိမှ မေးရဲပုံပေါ်တယ်။ သိမ့်သိမ့်က ဆိုင်နဲ့ ခပ်လှမ်းလှမ်း လယ်ကွင်းပြင်နား ဟိန္ဒူလူမျိုးမိသားစုရဲ့ စိုက်ခင်းမှာ ကန်စွန်းရွက် သွားဝယ်နေချိန်မှ ထမေးတာမို့ ဒေါ်ထားဝင်း အထာတော့ ပေါက်လိုက်တယ်။

“အရင်က ရှိမှ မရှိတာ ဘယ်တွေ့ပါ့မလဲ၊ အဲဒါ ငါ့တူမလေ၊ အထည်ချုပ်ဆင်းနေတာ၊ ညနေအလုပ်ဆင်းရင်တော့ ဒီလိုညနေစောင်းချိန်ဆို သူလာလာကူပေးတယ်၊ ဆိုင်လေး ကူသိမ်းဖော်ရတော့ ငါ သက်သာ တာပေါ့ဟယ်၊ ငါ့သားလေးက ရှစ်တန်းမို့ ကျောင်းနဲ့ကျူရှင် ကူးနေတာ ဆိုတော့လေ၊ ကလေးမို့ အားတော့ သိပ်မကိုးရဘူး၊ ကလေးဆိုတော့ ဆော့ချိန်ဆော့ပေါ့၊ ခိုင်းရင်တော့ မအေကို လုပ်ပေးရှာပါတယ်၊ ညနေ စောင်းခါနီးဆို ငါ့တူမကိုပဲ မျှော်နေရတာ၊ ငါ့ဘဝက အဲလိုဟေ့၊ ကဲ··· ဘာသိချင်သေးလဲ”

ဇော်ဝင်းက အစက မတွေ့မိဘူးပဲ မေးမိတာကို ဒေါ်ထားဝင်းက ရိုက်မစစ်ရဘဲ ရွှန်းရွှန်းဝေအောင် ပြောနေတော့တယ်။

“သူက အပျိုလား”

ဇော်ဝင်းက မေးပြီးမှ ရှက်ကိုးရှက်ကန်း။ စားအိမ် သောက်အိမ်လို ဖြစ်နေတော့ ဒီလိုအမေးမျိုး စိတ်မဆိုးတန်ကောင်းထင်လို့ ပွင့်ပွင့်လင်းလင်း မေးလိုက်တာ ဇော်ဝင်းအမေးကို ဒေါ်ထားဝင်း အော်ရယ်မိတယ်။ ‘ငါထင်တာ မှန်နေပြီ’ဆိုတဲ့ အတွေးနဲ့ ရယ်နေလိုက်တာ အပင်ပေါ်က သေးသေးကွေးကွေး နှံပြီစုတ်ငှက်လေးတောင် လန့်ပျံသွားတယ်။

“အဲဒါတော့ နင် သိတ္တိရှိရင် ငါ့တူမကို တိုက်ရိုက်မေးကြည့် လိုက်ပေါ့”

mgyoe.com

mgyoe.com SAMPLE BOOK

ဇော်ဝင်းမျက်နှာထားက မဖြစ်နိုင်ဘူးအထင်နဲ့ မမေးရဲတဲ့ ပုံစံမျိုး။

"အန်တီထားရာ မမေးရဲပါဘူးဗျာ၊ အန်တီထားလို ကျွန်တော်နဲ့ အန်တီထားတူမက ရင်းနှီးသေးတာ မဟုတ်ဘူးလေ"

"နှင် သတ္တိမရှိရင် မရှိဘူး ပြောစမ်းပါ ဇော်ဝင်းရယ်"

ဇော်ဝင်းနဲ့ နှစ်ယောက်သားပြောသမျှကို တွေးရင်း ဒေါ်ထားဝင်း ပြုံးမိတယ်။ သူကိုယ်တိုင် ငယ်ရာက ကြီးလာတာ မဟုတ်လား။ လူငယ်တွေရဲ့ အရိပ်အခြည်ကို မသိဘဲ ဘယ်ရှိပါ့မလဲ။

ထမင်းစားသမားပြန်တော့ စားပြီးသားပန်းကန်တွေနဲ့ ဟင်းခွက်တွေကို သိမ့်သိမ့် ပြန်မလာခင် ဒေါ်ထားဝင်းပဲ ဆက်သိမ်းလိုက်တယ်။ တခြားဆိုင်စား ထမင်းစားသူတွေ တစ်ယောက်စ နှစ်ယောက်စတော့ ဒေါ်ထားဝင်း မိတ်ရလာပြီ။

နေလုံးကြီးတောင် အရိပ်အယောင် မတွေ့ရတော့။ မကြာခင် မှောင်လုတော့မည်။

ပြန်လုဆဲဆဲမှာ လိုင်းခန်းဆီက ကွမ်းယာတစ်ထုပ် ထုပ်ပေးခဲ့ဖို့ ဦးစိုးနိုင် လှမ်းအော်သံကို ကြားလိုက်ရတယ်။

"နောက်နေ့မှ စားတော့ ဦးစိုးနိုင်ရေ၊ ပစ္စည်းတွေက သိမ်းလိုက်ပြီ"

အသံညောင်နာနာနဲ့ ဒေါ်ထားဝင်း လှမ်းအော်လိုက်တယ်။ ဒေါ်ထားဝင်းအသံကို လိုင်းခန်းကနေ မကြားရလောက်။

◆

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [ ၅ ]

ဒီနေ့တော့ သိမ့်သိမ့် ဖျားချင်ချင်ဖြစ်နေလို့ အလုပ် မဆင်းဖြစ်။ အိမ်မှာ နေရမဲ့အတူတူ အဒေါ်နဲ့ ဈေးဝိုင်းကူ ရောင်းပေးဖို့ မဆိုင်းမတွ ရောက်ချလာတယ်။ ဒေါ်ထားဝင်း ဆိုင်ဖွင့်ဖို့ ထွက်လာတုန်းက နေမကောင်းလို့ဆိုတဲ့ သိမ့်သိမ့်ဟာ ဒေါ်ထားဝင်းနဲ့ ရှေ့ဆင့်နောက်ဆင့် ရောက်ချလာခဲ့တယ်။

"နေမကောင်းဘူးဆို ဘာလို့လိုက်လာတာလဲ၊ အခန်းမှာပဲ နားနေရောပေါ့"

"တစ်ယောက်တည်းဆိုတော့ ပျင်းတယ် ထားထားရဲ့"

"အဲဒါများ ခုနကတည်းက အတူလိုက်လာ ပြီးနေရောကိုအေ"

ဒေါ်ထားဝင်း အသံခပ်ပြတ်ပြတ်နဲ့ ဆီးဆူလိုက်ပေမဲ့ သိမ့်သိမ့်ဆီက တုံ့ပြန်သံမပေါ် ငြိမ်နေတယ်။

ဆိုင်ရှေ့က မလေးရှားပိတောက်ပင်အောက်မှာ ရွက်ဝါခြောက်တွေက ပြန့်ကျဲနေတယ်။ ဒေါ်ထားဝင်း ဆိုင်မဖွင့်ခင် လှည်းရ ကျင်းရတယ်။ ဖျားနေတဲ့ လူနာရှိတယ်ဆိုကာမှ လေစိမ်းတွေက အထည်ချုပ်ဆည်ရေပြင်ကြီးကို ဖြတ်သန်းကာ ဆည်ပေါင်နားက ဒေါ်ထားဝင်းဆိုင်ဘက်ကို အရှိန်တိုက်ပြီး ပိုလို့တောင် ဦးတည်တိုက်နေသလား မှတ်ရတယ်။



mgyoe.com

ကန်ရေပြင်နဲ့ နီးတဲ့အိမ်က လူတွေဟာ အရမ်းပူရင် ရေအရှိန်နဲ့ အေးတတ်ကြပြီး အေးတဲ့ အချိန်ဆို ကန်ရေငွေ့နဲ့ နွေးတတ်ကြတယ်ဆိုတဲ့ အဘွားရှိစဉ်က ပြောတဲ့ စကားကို သိမ့်သိမ့် ပြန်ကြားယောင်နေတယ်။

ဆိုင်ကိုရောက်ရောက်ချင်း အထည်ချုပ်ဆည်ရေပြင်ကို ဖြတ်သန်း တိုက်ခတ်လာတဲ့ လေပြည်တွေက စိမ်းပေမဲ့ ဆောင်းရဲ့ အငွေ့အသက် ရင်ခွင်ကို ခိုလှုံပြီး တိုက်ခတ်ဟန်တူရဲ့။ ခပ်ပြင်းပြင်း တိုက်ခတ်လာတဲ့ လေစိမ်းတွေဟာ နွေးထွေးနေမှန်း သိမ့်သိမ့် ခံစားလိုက်ရတယ်။ ဖျားနေ ပေမဲ့ ဒီလေစိမ်းလောက်ကို ခံနိုင်ရည်ရှိနေသလို လတ်ဆတ်တဲ့ လေကို ရှူရလို့ ပိုအားရှိသလိုပဲ။

"သိမ့်သိမ့် ငါ့တူမ၊ လက်ရှည်ဝတ်ထား၊ လေစိမ်းတွေတိုက်တယ်၊ ဖျားတာရှည်နေမှ မနက်ဖြန်ပါ အလုပ်မဆင်းနိုင်ဘဲဖြစ်နေမယ်နော်၊ တော်ကြာ ရက်မှန်ကြေးတွေ ထိနေမှအေ၊ ညည်းနဲ့"

ဒေါ်ထားဝင်းက တူမကို သတိပေးလိုက်တယ်။ ဒီနေ့လဲ သိမ့်သိမ့် အိမ်မှာ မနေချင်လို့ ကူဖို့ လိုက်လာကာမှ ဖျားနေသူမို့ ဘာမှ မခိုင်းဘဲ ဈေးခုံလေးမှာပဲ အထိုင်ခိုင်းထားတာက ပျင်းတောင် ပျင်းနေသေးတယ်။

မွန်းတည့်ခါနီးတော့ နေက မခံနိုင်မရပ်နိုင်အောင် ပူပြင်းနေတယ်။ ရှေ့မျက်နှာစာမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင်က မြေဖို့၊ မြေညှိ၊ မြေသယ် ကားတွေ ဖြတ်သန်းသွားလာတာမို့ မြောက်ပြန်လေတိုက်တဲ့အခါဆို အဝေး က တိုက်ခတ်တဲ့ လေထုထဲမှာ ဖုန်လုံးတွေက အိမ်တစ်လုံးစာမျှမက။ မြေပြင်ကနေ စုပ်သပ် ဆွဲတင်လိုက်တဲ့ လေပွေဖုန်လုံးကြီးတွေဆိုတာ ဆူနာမီရေလှိုင်းလုံးကြီးတယ်ဆိုတာ ဘာဟုတ်မလဲ။ ဖုန်လုံးကြီးတွေ တိုက်လာရင် ခေတ္တခဏ အသက်ရှူပါ ကျပ်သွားတတ်တယ်။ ဖုန်လုံးကြီး တွေက ချက်ချင်းမပြယ်နိုင်။ အတော်အတန်ကြာ လေပွေဖုန်လုံးပြယ်သွားမှ အသက်ရှူချောင်ရတော့ပြန်တယ်။

"အန်တီထား နေ့လယ်စာ ကျက်ပြီလား"

mgyoe.com SAMPLE BOOK

ဒေါ်ထားဝင်း ဟင်းအိုးမွှေနေတုန်း ဇော်ဝင်း ရုတ်တရက် ရောက်လာတယ်။

"နိုးပြီဟဲ့ ဇော်ဝင်းရဲ့၊ စားဖို့ပဲ ချောင်းနေ၊ ကိုယ်လက်သန့်ရှင်းရေးလေး လုပ်စမ်းပါဟယ်၊ နင့်နဲ့၊ အခြားဆိုင်စားသမားလေးတွေတော့ ဒီနေ့မလာသေးဘူး၊ နင်ပဲ အဦးဆုံး စားသွားလိုက်တော့"

"နေပူထဲကလာတာ အကုန်မသာပေါ်ကုန်မှာပေါ့ အန်တီထားရ၊ မကျက်လဲ ကိစ္စမရှိဘူး၊ ကျွန်တော် ကော်ဖီသောက်ပြီး အလုပ်ပြန်ဆင်းလိုက်မယ်လေ၊ ကျက်တော့ လှမ်းခေါ်ပေါ့"

"လှမ်းကြည့်တော့ စက်မောင်းနေတုန်းမြင်တာနဲ့ ဒီနေ့လယ်လာမစားဘူးတောင်ထင်တာ၊ ကျက်ခါနီးပါပြီဟယ်၊ လက်စနဲ့ စားသွား၊ နင်ဆာနေမယ်၊ မယားမရှိ သားမရှိနဲ့ နင့် ဘယ်သူမှ ထမင်းချိုင့် လိုက်မပို့ဘူးနော် ဟဲ့ကောင်"

ဒေါ်ထားဝင်း အာဘော်ကို ဇော်ဝင်း ကျယ်ကျယ်လောင်လောင်ရယ်လိုက်တယ်။

"နှိမ်ကြပါ နှိမ်ကြပါ၊ အထီးကျန် တစ်ကောင်ကြွက်သမားလေးကို၊ မစားလို့ မရဘူး၊ အချိန်မှန် လာလာစားမှာပါဗျာ ဟဲ"

ဇော်ဝင်းက ဒေါ်ထားဝင်းနဲ့ ရယ်မောပြောပြီး ဈေးခုံလေးနားမှာ ထိုင်နေတဲ့ သိမ့်သိမ့်ဆီ လှမ်းကြည့်လိုက်တယ်။ အနက်ရောင်အပေါ်မှာ ဝါဖန့်ဖန့်အရောင်နဲ့ အစိမ်းနုရောင်စပ် အောက်နားချိတ်လိုင်းသုံးလိုင်းစဉ် ထဘီလေးဝတ်ကာ ရွှေဝါရောင်အင်္ကျီရင်ဖုံးလေးဝတ်ထားတော့ သိမ့်သိမ့်ရဲ့ အလှတရားက ဇော်ဝင်းမျက်စိထဲက မထွက်နိုင်။ သိမ့်သိမ့်ရဲ့ ခန္ဓာကိုယ်အချိုးစားနဲ့ ဒီနေ့ဝတ်ထားတဲ့အဝတ်စားလေး မြင်ရတော့ ဇော်ဝင်းအမြင်မှာ သိမ့်သိမ့်က ယဉ်တယ်၊ လှတယ်၊ တင့်တယ်တယ်။ ဇော်ဝင်းရဲ့ မျက်စိအစုံက သိမ့်သိမ့်ရဲ့အနားက မခွာတော့။ ရင်လျှိုင်းတွေ ဘောင်ဘင်ခတ်နေတာ ကိုင်ထားတဲ့ ရေနွေးခွက်လွတ်ကျပြီး နမော်နမဲ့နိုင်ကာ ဟန်ချက်ပျက်ရတဲ့အထိ။


mgyoe.com

mgyoe.com SAMPLE BOOK

သိမ့်သိမ့်ကို မြင်ပြီးကတည်းက အခြားမိန်းကလေးတွေဆို သူ့မျက်လုံးထဲ တိုးမပေါက်။ တောနေတောထိုင် နေလာခဲ့တာ ဒီအရွယ်ထိဆိုတော့ မြို့နေမိန်းကလေးတွေနဲ့ယှဉ်ရင် သိမ့်သိမ့်အလှက ဇော်ဝင်းမျက်လုံးထဲမှာ မြင်နေကျမဟုတ်ဘဲ ပိုလို့ယဉ်တယ်။ သိမ့်သိမ့်က တောသူမလေးဆိုပေမဲ့ မြို့သူလို တစ်သွေးတစ်မွေးနဲ့ ကြော့နေသူလေးမို့ ဇော်ဝင်းရင်ထဲ စွဲရပြီ။ ကျက်သရေရှိတဲ့ အလှ။ တောသူဆိုပေမဲ့ ထဘီကို ခြေမျက်စိဖုံးအောင် ဝတ်တယ်။ သိမ့်သိမ့်ရဲ့ အလှကို ကြည့်ရင်း ဒေါ်ထားဝင်း ပြောတာ သတိရလိုက်မိတယ်။

'အိမ်က မိသိမ့်တို့များ ဘုရားရှိခိုးရင် ပိဋကတ်သုံးပုံ အကုန်ရွတ်နေသလိုပဲ ကြာလိုက်တာ၊ ရှိခိုးသမျှဂါထာတွေဆို ကုန်ရော မှတ်ရတယ်'

ဒေါ်ထားဝင်းပြောတဲ့ အရင်ကစကားကို အမှတ်ရလိုက်ပြန်တော့ သိမ့်သိမ့်ရဲ့ ဘာသာရေးအလှတရားကို မြင်ရတာ ကြည်ကြည်နူးနူးနဲ့ ဇော်ဝင်းရင်ထဲမှာ သိမ့်ခနဲ ချစ်ချင်စိတ်တွေ လှိုက်တက်လာတယ်။ သိမ့်သိမ့်ကို နေ့တိုင်းပဲ သူမြင်ချင်နေမိတာ ဇော်ဝင်းရင်ထဲက အရှိတရားတစ်ခု။

ဒေါ်ထားဝင်းက ဇော်ဝင်းအတွက် ဆည်စောင့်တဲလေးဘေးက အုတ်ခဲသုံးလုံး ဖိုခုံလောက်ဆိုင်မီးဖိုပေါ်မှာရှိတဲ့ ဟင်းအိုးထဲက ဟင်းထည့်နေတယ်။

"မသိမ့် နေမကောင်းဘူးလား၊ ဒီနေ့ရော အလုပ်မဆင်းဘူးလား"

တစ်ရက်စ နှစ်ရက်စ တွေ့ပြီးပြီမို့ ဇော်ဝင်း အရဲစွန့်မေးလိုက်တယ်။ စကားတွေ ဖောင်သီပြီးမပြောဖူးပေမဲ့ 'အင်း၊ ဟုတ်ကဲ့' လောက်သာ ပြောဖူးတဲ့ အရှိန်လေးကို အကြောင်းပြုပြီး ခပ်ရဲရဲ မေးလိုက်တယ်။

"အင်း ကောင်းပါတယ်၊ ဖျားစပြုနေတယ်ထင်လို့ နားနေတာပါ"

သိမ့်သိမ့်နဲ့ လပေးထမင်းစားသမား ဇော်ဝင်းတို့ ဒီနေ့မက နောက်နေ့တိုင်းလဲ ဆုံကြလိမ့်အုံးမယ်။ ပိုပြီးလဲ ရင်းနှီးကြရအုံးမယ်။ ဒီမျက်နှာတွေဆိုတာ တစ်ယောက်နဲ့တစ်ယောက် မတွေ့ချင် မမြင်ချင်မှ အဆုံး။

"ဒီမှာ လေစိမ်းတိုက်တယ်လေ၊ ဘာလို့ လာတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"ထားထားကို ဝိုင်းကူရအောင်လေ၊ မနေ့ညနေက ခေါင်းလျှော်ပြီး ရေခြောက်အောင် မသုတ်မိရာကနေ စတာပါပဲ၊ ဆေးတော့သောက်ထားတယ်၊ ချွေးထွက်ပြီး သက်သာအောင်လို့ဆိုပြီး ရေနွေးပူပူလေး ထိုင်သောက်နေတာပါ"

ပြောပြီး သိမ့်သိမ့်က ရေနွေးခွက်ကို မေးငေါ့ပြလိုက်တယ်။

"ဆေးထိုးမလား"

"ဟင့်အင်း မထိုးပါဘူး၊ ဘာလို့ ထိုးရမှာလဲ၊ သေလောက်တဲ့ အခြေအနေမှ မဟုတ်တာ"

"မသိမ့်ရယ် ဆေးသောက်တာထက် ဆေးထိုးတာက အပျောက်ပိုမြန်တယ်လေ၊ ကျန်းမာရေးက သေးရာကနေ ကြီးလာတတ်တဲ့အမျိုး၊ ဖတ်ဖတ် မပြောကောင်း မဆိုကောင်း တစ်ခုခု ပိုဖြစ်နေမှဖြင့်ဗျာ၊ ကျွန်တော် ဦးစိုးနိုင်ဆီက ဆိုင်ကယ်ငှားပြီး ဆေးခန်းကို လိုက်ပို့ပေးရမလား"

"ဟင့်အင်း မထိုးပါဘူးဆို၊ သိမ့်သိမ့်က ဆေးထိုးရမှာ ကြောက်တယ်၊ ရတယ်၊ ဘာမှ မဖြစ်ဘူး"

သိမ့်သိမ့်အပြောကို ဇော်ဝင်းက ရယ်လိုက်တယ်။ ကြောက်စရာမရှိတာကို ကြောက်နေတယ်ဆိုပြီး လှောင်ရယ်ပုံမျိုး။ ဇော်ဝင်းရဲ့ အရယ်ကို သိမ့်သိမ့် ရိပ်မိလိုက်တယ်။ သိမ့်သိမ့်က သူ့ကို လှောင်ရယ်ရမလားဆိုပြီး မျက်စောင်းလေးတစ်ချက် ခဲကြည့်လိုက်တယ်။ သိမ့်သိမ့်ရဲ့ မျက်စောင်းလေးဟာ သူစိမ်းဆန်တဲ့အကြည့်မဟုတ်မှန်း ဇော်ဝင်း သိနေတယ်။ တောသားကြီးပုံတုံးတုံးလူကြီးဟာ အချစ်ရဲ့ ဒဿနတွေနဲ့ အချစ်ပညာတွေ ဘယ်ကနေ ဘယ်လို တတ်ထားတယ်မသိ။ သိမ့်သိမ့်ရဲ့အကြည့်ကိုတောင် ခွဲခြမ်းစိတ်ဖြာပြီး သုတေသနလုပ်နေလိုက်တာ သူစိမ်းမဆန်ဘူးဆိုတဲ့ အဖြေရတဲ့အထိ။ ဇော်ဝင်းကို ထမင်းခူးကျွေးခဲ့ပြီး ဒေါ်ထားဝင်း ဆည်ဘက်ကို ထွက်သွားတယ်။

နေပူလွန်းလို့ အလုပ်သမားတွေ အပြင်ထွက်ရမှာ ကြောက်ကြပုံရတယ်။ အအေးလေးတောင် လာဝယ် မသောက်ကြ။ ဆိုင်နားမှာ


mgyoe.com

mgyoe.com SAMPLE BOOK

လှူနဲ့တူသူဆိုလို့ အရိပ်အယောင်တောင် မတွေ့ရ။ မလေးရှားပိတောက်ပင် ပေါ်က အော်နေတဲ့ ကျီးအာသံကလွဲလို့ တစပြင်လို တိတ်ဆိတ်လျက်။

ဆောက်လုပ်ရေးဆိုက်လုပ်ငန်းကလဲ နေ့လယ်ခင်းမို့ နားနေကြလို့ စက်မောင်းနေတဲ့ အသံတွေ တိတ်ဆိတ်ပြီး လုပ်ငန်းကွင်းကြီးထဲမှာ လူတောင် မတွေ့ရ။ အားလုံး တိတ်ဆိတ်ငြိမ်သက်နေတဲ့ကြားက ထူးထူးခြား ခြားထွက်ပေါ်လာတဲ့အသံက ဇော်ဝင်းရဲ့ နှလုံးခုန်သံပဲ။ နှလုံးခုန်သံတွေ ပြင်းပြနေတာကို ဇော်ဝင်းက သူကိုယ်တိုင်ပြန်ကြားပြီး လန့်ဖျပ်ကာ သတိပြန် ထိန်းလိုက်တယ်။ ဇော်ဝင်းရဲ့ အကြည့်တွေက ရာဂအငွေ့အသက်တွေနဲ့ မကင်းကြောင်းကိုလဲ သိမ့်သိမ့် ရိပ်စားမိတယ်။ 'လူရိုး လူအကြီးတဲ့၊ စိုက်ကြည့်နေလိုက်တာ အသားစားကြူးတဲ့ ဘီလူးကြီးတစ်ကောင်လိုပဲ' လို့ အနေရခက်ခက်ကြားကပဲ သိမ့်သိမ့် ထင်မိထင်ရာ တွေးထင်လိုက်ပြန် တယ်။

တိတ်ဆိတ်နေတဲ့ကြားက 'မသိမ့်' လို့ ရုတ်တရက်ခေါ်လိုက်တဲ့ အသံကြောင့် သိမ့်သိမ့်တစ်ကိုယ်လုံး တုန်တက်သွားတယ်။

"လူကို မသိမ့်လို့ မခေါ်စမ်းပါနဲ့လား ကိုဇော်ဝင်းရယ်၊ သိမ့်သိမ့် ဆို တော်ရောပေါ့"

"ကျွန်တော်က လူရိုသေ ရှင်ရိုသေသဘောနဲ့ မ ထည့်ခေါ်တာ ပါ၊ မသိမ့်လို့ခေါ်ရင် သူစိမ်းဆန်နေလို့လားဗျာ"

"အင်း ဟုတ်တယ်"

"ဒါဆို အရင်းနှီးဆုံးလူသားအနေနဲ့ ခေါ်စေချင်သလို ခေါ်မယ် ဆိုရင်ကော"

"ဟင် ဘယ်လိုကြီးလဲ၊ ကိုဇော်ဝင်းကလဲ မဟုတ်တာ၊ ကိုဇော်ဝင်း က သိမ့်သိမ့်ထက် ကြီးမယ်ထင်ပါတယ်နော်၊ ရတယ် သိမ့်သိမ့်လို့ပဲခေါ်"

ဟုတ်လဲ ဟုတ်တယ်။ ဇော်ဝင်းက သုံးဆယ့်နှစ်နှစ်ထဲမှာ။ သိမ့်သိမ့်က လာမဲ့ လပြည့်နေ့မှ နှစ်ဆယ့်ခြောက်နှစ်ပြည့်မှာ။ သိမ့်သိမ့်နဲ့ ဇော်ဝင်း အသက်ခြောက်နှစ်နီးပါး ကွာတယ်။


mgyoe.com